# ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့၌ နေပြည်တော်ရှိ Horizon Lake View Hotel တွင် ကျင်းပခဲ့သည့် (၁၉) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်းအဝေး မှတ်တမ်း

## ရည်ရွယ်ချက်

၁။ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ (၁၉) ကြိမ်မြောက်အစည်းအဝေးအား စတုတ္ထအကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာ (မူကြမ်း) အား ဆွေးနွေးရန်၊ လုပ်ငန်းလမ်းညွှန် (ToR) များအား ဆွေးနွေးရန်၊ မြန်မာနိုင်ငံ EITI လုပ်ငန်းအစီအစဉ်နှင့် ဘတ်ဂျက်အား ရှင်းလင်း တင်ပြဆွေးနွေးရန်၊ အကဲဖြတ်လေ့လာဆန်းစစ်ခြင်း (Validation) ဆိုင်ရာ နောက်ဆုံးအခြေအနေများ ရှင်းလင်းတင်ပြရန်၊ ရေအားလျှပ်စစ်ကဏ္ဍ အစီရင်ခံစာထုတ်ပြန်မှုနှင့် ပတ်သက်၍ နောက်ဆုံးအခြေ အနေများ ရှင်းလင်းတင်ပြရန် စသည်တို့ကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

## အစည်းအဝေးတက်ရောက်သူများ

၂။ အစည်းအဝေးသို့ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်များ၊ အရန်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး၊ တိုင်း ဒေသကြီး/ ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ ဘဏ္ဍာရေးမူဝါဒ၊ မဟာဗျူဟာနှင့် EITI ဌာနခွဲ မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှလေ့လာသူများ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး အဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားလေ့လာသူများ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေး တက်ရောက်သူများစာရင်းအား နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားသည်။

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း အဖွင့်အမှာစကားပြောကြားခြင်း

၃။ ယနေ့အစည်းအဝေးသို့ ကြွရောက်လာကြသည့် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်လတ်ကြီး၊ ညှိနှိုင်းဖော်ဆောင်ရေးမှူး ဦးစိုးဝင်း၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ကိုယ်စား လှယ်များ၊ ပြည်နယ်/တိုင်းများမှ SNU အဖွဲ့ဝင်များ၊ NCS နှင့် MOBD မှ တာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့နှုတ်ခွန်းဆက်ပါကြောင်း၊ ယနေ့ (၁၉) ကြိမ်မြောက်အစည်းအဝေးတွင် IA ဖြစ်သည့် PwC မှ စတုတ္ထအကြိမ်မြန်မာနိုင်ငံ EITI အစီရင်ခံစာ (မူကြမ်း) အား တင်သွင်းမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီးငှားရမ်းမည့် အကြံပေးအဖွဲ့များအ တွက် ToR များကိုလည်းဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ PwC Myanmar မှ တင်ပြမည့် Draft Contextual Report အား သက်ဆိုင်ရာ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကိန်းဂဏန်း

အချက်အလက်များနှင့် ပတ်သက်၍ မှားယွင်းမှုမရှိစေရန် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း၊ ထို့နောက် နိုင်ငံတကာ EITI အတွင်းရေးမှူးက ပေးပို့လာသည့် Draft Validation Report နှင့် Initial Assessment Report တို့အား MSG မှ သဘောထားမှတ်ချက်များအား စနစ်တကျ ဆွေးနွေး၍ ၁၂-၂-၂၀၁၉ ရက်နေ့တွင် ပြန်လည်ပေးပို့နိုင်ခဲ့ကြောင်း၊ ထို့အတွက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် ညှိနှိုင်းရေးမှူးရုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။

၄။ မိမိတို့နိုင်ငံ၏ validation ရလဒ်အား ဖေဖော်ဝါရီ (၂၆-၂၇) ရက်နေ့ ယူကရိန်းနိုင်ငံ ကိဗ်မြို့တွင် ပြုလုပ်မည့် ဘုတ်အဖွဲ့အစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်မည်ဟု သိရကြောင်း၊ မိမိတို့အနေဖြင့် ဆောင်ရွက်ရန်ရှိသည့်လုပ်ငန်းစဥ်များကို ဝိုင်းဝန်းကြိုးစားဆောင်ရွက်ထားသောကြောင့် မျှတသော ရလဒ်ဖြစ်မည်ဟုမျှော်လင့်ရကြောင်း၊ EITI လုပ်ငန်းစဥ်များအတွက် (၂၀၂၀) ပြည့်နှစ်အထိ သက်တမ်းတိုး၍ အထောက်အပံ့ပေးရန် ကမ္ဘာ့ဘဏ်၏ Team Leader Morten Larsen ထံသို့ စာရေးသား ပေးပို့ထားကြောင်း၊ ကမ္ဘာ့ဘဏ်အနေဖြင့်လည်း UK နှင့် Australia Aid တို့နှင့်ညှိနှိုင်းတိုင်ပင်၍ လိုအပ်သလို စာရွက်စာတမ်းများပြင်ဆင်ကာ အမြန်ဆုံးအကြောင်းပြန်ကြားပေးမည်ဟု အကြောင်း ပြန်ထားကြောင်း၊ ၂၀၁၉-၂၀၂၀ ခုနှစ် Work Plan အတွက်လည်း လုပ်ငန်းစဥ်များပြန်လည်ဆွေးနွေး ၍ ဆွေးနွေးဆုံးဖြတ်ကြရမည်ဖြစ်ကြောင်း၊ အကြံပေးပညာရှင်ငှားရမ်းမည့် ToR များအား ဖေဖော်ဝါရီလ (၁၉-၂၀) တွင် အတည်ပြုရမည်ဖြစ်ပြီး မတ်လဆန်းတွင် EOI များကို ခေါ်ယူရမည်ဖြစ်ကြောင်း၊ သို့မှ သာ Grant Agreement အတိုင်းဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ လုပ်ငန်းခွဲကော်မတီများနှင့် MSG ကိုယ်စားလှယ်များက နှောင့်နှေးကြန့်ကြာမှုမရှိစေရန် ဝိုင်းဝန်းဆွေး နွေးပေးစေလိုကြောင်း၊ Mining Cadaster Phase II အတွက် အကြံပေးပညာရှင်ရွေးချယ်ရာတွင် ကနဦး ရွေးချယ်ထားသည့်အဆင့်သို့ရောက်နေပြီဖြစ်ကြောင်း၊ Request for financial and Technical and Proposals ခေါ်ယူနိုင်ရေးဆက်လက်ဆောင်ရွက်နေသည်ဟုသိရှိရကြောင်း။

၅။ Pre-cadaster Working Group Consultant Mr. Chorn Nak သည်လည်း မြန်မာနိုင်ငံသို့ ရောက်ရှိနေပြီး ရက် (၂၀) ကာလ သက်တမ်းတိုးပြီးဆောင်ရွက်နေကြောင်း၊ Mr. Chorn Nak နှင့် Pre-Cadaster Working Group အဖွဲ့ဝင်များသည် GIS Mapping နှင့် Gemstone Sector လိုင်စင်ချ ထားပေးရေးကိစ္စရပ်များ အား ခန္တီးမြို့နှင့်မိုးကုတ်မြို့များတွင် ဖေဖော်ဝါရီ (၂၂-၂၈) ရက်နေ့အထိ မြေပြင် အခြေအနေလေ့လာ ကွင်းဆင်းရန်အတွက် ပြင်ဆင်ထားသည်ဟု သိရှိရကြောင်း၊ နိဂုံးချုပ် အားဖြင့် စတုတ္ထအကြိမ် MEITI အစီရင်ခံစာအား ယခင်အစီရင်ခံစာများထက် အရည်အသွေးပြည့်ဝပြီး အချိန်မီ ပြီးစီးအောင် ထုတ်ပြန် နိုင်ရန်အတွက် PwC Myanmar ၊ MSG အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများက ဝိုင်းဝန်း ကြိုးပမ်းပေးကြပါရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားခဲ့ သည်။

## မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးမှ အမှာစကားပြောကြားခြင်း

၆။ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးခင်လတ်ကြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် SNU များ၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ်နှင့် PwC မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များအားလုံး မင်္ဂလာနံနက်ခင်းပါဟု နှုတ်ခွန်းဆက်ပါကြောင်း၊ လွတ်လပ်သော လေ့လာဆန်းစစ် အတည်ပြုသူများမှ တင်ပြလာသည့် အစီရင်ခံစာမူကြမ်း Draft Validation Report နှင့် မြန်မာနိုင်ငံ EITI အတွင်းရေးမှူးရုံးမှ ပေးပို့ထားသည့် ကနဦးအကဲဖြတ်ဆန်းစစ်ခြင်းအစီရင်ခံစာ Initial Assessment Report တို့အား မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ ပြန်လည်ဖြေကြားထား သည့် သဘောထားမှတ်ချက်များအား နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးသို့ ၁၂-၂-၂၀၁၉ ရက်နေ့ တွင် အချိန်မီပြန်လည်ပေးပို့နိုင်ခဲ့ကြောင်း၊ ထိုရလဒ်သည် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌ၏ လမ်းညွှန် မှုနှင့် ကိုယ်စားလှယ်များ၏ စိတ်ဓါတ်အပြည့်ဖြင့် ကြိုးစားအားထုတ်ပေးမှုကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် MSG အား အထူးပင်ကျေးဇူးတင်လိုပါကြောင်း။

၇။ ဆန်းစစ်လေ့လာအကဲဖြတ်မှုရလဒ်အား ဖေဖော်ဝါရီ (၂၆-၂၇) ရက်နေ့ EITI ဘုတ်အဖွဲ့အစည်းအဝေးတွင်တင်ပြဆွေးနွေး၍ အကဲဖြတ်ဆုံး ဖြတ်ကြမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံကိုယ်စား EITI လုပ်ငန်းစဉ်များအား ပြန်လည်ဖြေ ကြားခဲ့မှုကြောင့် ရလဒ်ကောင်းများ ရရှိလာမည်ဟု မျှော်လင့်ရကြောင်း၊ လွတ်လပ်သောစာရင်းတိုက် ဆိုင်စစ်ဆေးသူ PwC Myanmar မှ Contextual Report မူကြမ်းအား ၁၁-၂-၂၀၁၉ ရက်နေ့ပေးပို့လာ သဖြင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သို့ ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ အဆိုပါ အစီရင်ခံစာမူကြမ်းနှင့် စာရင်းတိုက်ဆိုင်စစ်ဆေးမှု အစီရင်ခံစာများကို ၁၈-၂-၂၀၁၉ ရက်နေ့တွင် ပြုလုပ်သည့် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲ ကော်မတီတွင် သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်၍ တင်ပြဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ အစည်းအဝေးတွင်လည်း PwC မှ ဆက်လက်တင်ပြဆွေးနွေးမည်ဖြစ်ကြောင်း။

၈။ ကိုယ်စားလှယ်များကိုတင်ပြလိုသည်မှာ အစီရင်ခံစာအား အရည်အသွေးကောင်းမွန်စွာ ထုတ်ပြန်နိုင်ရန်အတွက်သည် ကိုယ်စားလှယ်များ၏ လမ်းညွှန်မှုသည် အလွန်အရေးကြီးကြောင်း၊ ပထမ အစီရင်ခံစာ၊ ဒုတိယနှင့် တတိယအကြိမ်အစီရင်ခံစာများကဲ့သို့ အောင်အောင်မြင်မြင်ဖြင့် ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ရပါကြောင်း၊ ယခုနှစ်တွင်လည်း အချိန်မီပြီးစီးမည်ဟု မျှော်လင့်ရ ကြောင်း၊ PwC Myanmar ကိုလည်း အစီရင်ခံစာအား အချိန်မီပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်ပေးပါရန် မေတ္တာ ရပ်ခံပါကြောင်း၊ ကဏ္ဍအလိုက်ကိုယ်စားလှယ်များမှ ပေးပို့သည့်မှတ်ချက်များကိုလည်း အချိန်ပေး လေ့လာ၍ ပိုမိုပြည့်စုံစွာပါဝင်ရေး အလေးထား စေလိုကြောင်း၊ မူကြမ်းပေးပို့ရန် သတ်မှတ်ထားသည့် ကာလအတိုင်း အချိန်မီ ပေးပို့ရန် မေတ္တာရပ်ခံပါကြောင်း၊ အခက်အခဲများရှိပါကလည်း ယနေ့ MSG ကိုယ်စားလှယ်များနှင့် တွေ့ဆုံစဉ်၌ ပွင့်ပွင့်လင်းလင်းပြောကြားစေလိုပါကြောင်း၊

၉။ ဖေဖော်ဝါရီလ ၂၁-၂၂ ရက်နေ့တွင်လည်း တွင်းထွက်သယံဇာတ ထုတ်ယူ သုံးစွဲမှုနှင့်သက်ဆိုင်ရာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသည် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များအတွက် ကနဦးခြေလှမ်းဖြစ်ကြောင်း၊ အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ အကြံပြုချက်၊ တိုက်တွန်းချက်များသည် နောင်လုပ်ငန်းစဉ်များအတွက် အကျိုးဖြစ်ထွန်းစေမည်ဟု ထင်မြင်ကြောင်း၊ ရေအားလျှပ်စစ်ကဏ္ဍ အစီရင်ခံစာပြုစုနိုင်ရေးအတွက် ၁၁-၂-၂၀၁၉ ရက်နေ့တွင် MSG ကိုယ်စားလှယ်များက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ရေအားလျှပ်စစ်နှင့် သက်ဆိုင်သည့် ဌာနများနှင့် သွားရောက်တွေ့ဆုံခဲ့ကြောင်း၊ အဆိုပါကိစ္စအား လည်း ယနေ့အစည်းအဝေးတွင် ဆက် လက်ဆွေးနွေးမည်ဖြစ်ကြောင်း။

၁၀။ အနည်းငယ်ဆွေးနွေးလိုသည်မှာ ၂၀၁၅-၁၆ အစီရင်ခံစာများအား လွှတ်တော်တွင် ဝေငှရန်အတွက် ထုတ်ဝေရန်အတွက် MOBD သို့တင်ပြထားကြောင်း၊ ကမ္ဘာ့ဘဏ်မှ ဖေဖော်ဝါရီ (၂၆) ရက်နေ့မှသာ အတည်ပြုချက်ရမည်ဟုသိရှိရကြောင်း၊ မိမိတို့သည်လည်း အချိန်မမီတော့သည့်အတွက် မထုတ်ဝေခဲ့ရကြောင်း၊ ထို့အတွက် လုပ်ထုံးလုပ်နည်းများကို ဖြေ လျှော့ပေးစေလိုကြောင်း၊ မိမိတို့အနေဖြင့် Procurement Policy နှင့်ပတ်သက်၍ အခက်အခဲဖြစ်ရပါကြောင်း၊ အသေးအဖွဲ့ကိစ္စများကို ဖြေလျှော့မှုများပြုလုပ်ပေးစေလိုကြောင်း၊ ညှိနှိုင်းရေးမှူးရုံး၏ စီမံခန့် ခွဲမှုအားလျော့မှုများရှိပါကလည်း ထောက်ပြဆွေးနွေးပေးစေလိုကြောင်း၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အား ဆက်လက်တင်ပြလိုသည်မှာ ဦးအောင်ခိုင်အား ညှိနှိုင်းရေးမှူးရုံးတွင် အကြံပေးအဖြစ်ခန့်အပ်လိုပါကြောင်း၊ ဒုတိယအကြိမ်မြောက် သစ်တောအစီရင်ခံစာ၊ ရေအားလျှပ်စစ်အစီရင်ခံစာ၊ Mining cadaster ဆိုင်ရာ တိုးတက်မှုများ စသည်တို့ကိုလည်း ဆွေးနွေးကြမည်ဖြစ်သဖြင့် ဝိုင်းဝန်းဆွေးနွေးကြရန် တိုက်တွန်းရင်း နိဂုံးချုပ်ပါကြောင်း စသဖြင့် အမှာစကား ပြောကြားခဲ့သည်။

**PwC Myanmar မှ စတုတ္ထအကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာမူကြမ်းအား ဆွေးနွေး တင်ပြခြင်း**

၁၁။ Contextual Report တွင်ပါဝင်သည့်အကြောင်းအရာများ၊ Reconciliation Report ၏ Scoping အကြောင်းအရာများ၊ လွှမ်းခြုံသည့် Coverage ကဏ္ဍများနှင့်အချက်အလက်များ၊ Reconciliation ပြုလုပ်ရာတွင်တွေ့ရှိရမှုများအား ရှင်းလင်းတင်ပြမည်ဖြစ်ကြောင်း၊ Contextual Report တွင် အပိုင်း (၈) ပိုင်းပါဝင်ကြောင်း၊ ၎င်းတို့တွင် Extractive Industry နှင့်ပတ်သက်သည့်နောက်ခံအ ကြောင်းအရာများ၊ ထို့နောက် License Process များ၊ Extractive Industry မှရရှိသည့် ဘဏ္ဍာငွေများ ၏ သက်ရောက်မှုများ၊ Public Financial Management ဆောင်ရွက်မှုများ၊ State Owned Enterprise များ၏ အကြောင်းအရာများ၊ Environmental Social Responsibility များ နှင့် Recommendations

များပါဝင်ကြောင်း၊ Recommendations များသည်လည်း အစီရင်ခံစာမပြီးစီးသေးသည့်အတွက် အတည်ယူ၍ မရသေးကြောင်း စသဖြင့် ကနဦးတင်ပြခဲ့သည်။

၁၂။ Extractive Industry တွင် မြန်မာနိုင်ငံ၌ EITI အား မည်ကဲ့သို့အကောင်အထည်ဖော်နေသည်ကို ဖော်ပြထားကြောင်း၊ အဆိုပါအချက်အလက်များသည် MEITI ဝက်ဆိုဒ်မှယူ၍ ရေးသားထားကြောင်း၊ ထို့နောက် မြန်မာနိုင်ငံမှ EITI အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ ဖြစ်လာပါက မည်ကဲ့သို့အကျိုးကျေးဇူးများ ရှိလာမည်ကို ဖော်ပြထားကြောင်း၊ ညှိနှိုင်းရေးမှူးရုံးခန့်အပ်ထားမှုနှင့် Working Groups များ စသည်တို့ကို ဖော်ပြထားပြီး အဆိုပါအချက် အလက်များနှင့်ပတ်သက်၍ Notifications များအား ညှိနှိုင်းရေးမှူးရုံးမှ ပြန်လည်ပေးပို့ပေးမည်ဟု သိရကြောင်း၊ Section 2 တွင် Extractive Industry ၏ Governance ပုံစံများ အား Upstream ၊ Downstream ခွဲခြား၍ ဖော်ပြထားကြောင်း၊ Fiscal Policy အကြောင်းအရာများ၊ အစိုးရအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံများ၊ Beneficial Ownership ဆိုင်ရာဆောင်ရွက်ချက်များ၊ စိန်ခေါ်မှုများနှင့် အခက်အခဲ များ စသဖြင့် ပါရှိပါကြောင်း တင်ပြခဲ့သည်။

၁၃။ Section 3 တွင် လိုင်စင်နှင့်စာချုပ်များအကြောင်းဖော်ပြထားကြောင်း၊ ကဏ္ဍအလိုက် လိုင်စင်လျှောက် ထားမှုများ၊ လိုင်စင်စိစစ်မှုများ၊ လိုင်စင်ချထားမှုများ၊ စသဖြင့်ဖော်ပြထားကြောင်း၊ Section 4 တွင် Institution အကြောင်းအရာများ၊ ဘဏ္ဍာငွေရရှိမှုအတက်အကျရာခိုင်နှုန်းများ၊ Section 5 တွင် ထို့နောက် Extractive Industry ဆိုင်ရာ Public Financial Management နှင့်ပတ်သက် သည့်မူဝါဒများအားဖော်ပြထား ကြောင်း၊ Union Level Revenue နှင့် Auditing ဆောင်ရွက်မှုများ၊ ရရှိလာသည့် အခွန်ဘဏ္ဍာများကို မည်ကဲ့သို့ဖြန့်ဝေသည်ကိုလည်း ဖော်ပြထားကြောင်း၊ ခွဲဝေမှုများ၊ ပေးချေမှုပုံစံများ၊ Revenue management နှင့်လက်ရှိစိန်ခေါ်မှုများ၊ Financial Year ပြောင်းလဲမှု၊ Energy Policy ဆိုင်ရာကိစ္စများ၊ Reform Process များ စသည်တို့ကိုလည်းဖော်ပြထားကြောင်း၊ Section 6 တွင် State Owned Enterprise များဖြစ်သည့် MOGE ၊ ME1 ၊ ME2 ၊ MGE စသည်တို့၏ အကြောင်းအရာများ၊ Section 7 တွင် Environmental Social Responsibility များအား ဖော်ပြထားပြီး CSR ကိစ္စရပ်များ၊ Restoration မရှိမှုများပါဝင်ကြောင်း၊ Gems Policy Statement ထဲတွင် Restoration ကိစ္စရပ်များပါဝင်ပြီး ဥပဒေထဲမှမပါရှိသေးကြောင်း၊ Recommendations ကိစ္စရပ်များလည်း ဖော်ပြထားပြီး ပြန်လည်ပြင်ဆင်ရန်လိုအပ်ပါသေးကြောင်း၊ ယခင်အစည်းအဝေးများတွင် ကိုယ်စားများ ထံမှ မှတ်ချက်များရရှိထားကြောင်း၊ အကယ်၍ အရေးမကြီးဘဲ အသေးစိတ်ပါဝင် နေသည့် အကြောင်းအရာများ၊ ထပ်ထည့်ရန်ကိစ္စရပ်များအား ဆွေးနွေးပေးစေလိုကြောင်း၊ ထူးခြားသည်မှာ Other Account များနှင့် ပတ်သက်သည့်အချက်အလက်များတွင် ယခင်နှစ်ကအစီရင်ခံစာတွင် Other Account ၏ Balance Changes ဟုသာဖော်ပြထားကြောင်း။

၁၄။ Export Value များကိုလည်း နှစ်အလိုက်ဖော်ပြထားပြီး Production value များကို အစိုးရဌာနများမှ မပေးနိုင်သဖြင့် တိုက်ဆိုင်မှုမပြုလုပ်ရသေးကြောင်းလည်း တင်ပြခဲ့သည်။ထို့နောက်

အရပ်ဘက်ကိုယ်စားလှယ်မှ Production Data များသည် Reconciliation မပြုလုပ်ရသေးသည့်အတွက် ကုမ္ပဏီများက ပေးသည့်အချက်အလက်များ သို့မဟုတ် အစိုးရဌာနများမှပေးသည့်အချက်အလက်ဆိုသည်ကို ဖော်ပြရန်လိုအပ်ကြောင်းဆွေးနွေးရာတွင် Production value များသည် ကုမ္ပဏီဘက်မှ ရရှိသည့်အချက်အလက်များဖြစ်ကြောင်း ဖြေကြားခဲ့ သည်။

၁၅။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း အစီရင်ခံစာတွင် အချက်အလက်များအား အသေးစိတ် ဖော်ပြထားသော်လည်း အဆိုပါအချက်အလက်များ၏ အရင်းအမြစ်များအား ဖော်ပြရန်လိုအပ်ကြောင်း၊ အရင်းအမြစ်များဖော်ပြပါက ပိုမိုခိုင်မာမည်ဖြစ်ကြောင်း၊ အခန်း ၂ တွင် scope and coverage ၏ ဇယား၌ Tax and Non-Tax Revenue အချက်အလက်များအား ပေါင်းထားသော်လည်း Social Distribution ၊ Social Development Fund စသည်တို့ကို ပေါင်းထည့်ထားခြင်းမရှိကြောင်း၊ စာမျက်နှာ (၁၅) ရှိဇယားတွင်လည်း အချက်အလက်များ မကိုက်ညီကြောင်း၊ အရင်းအမြစ်မပါရှိကြောင်း၊ Social Security ၊ SSCP အချက်အလက်များသည် ယခင်အစီရင်ခံစာတွင် မပါဝင်သော်လည်း ယခုအစီရင်ခံစာ၌ ဖော်ပြခြင်းသဖြင့် ကောင်းမွန်ကြောင်း၊ စာမျက်နှာ (၁၆) တွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ပို့ဆောင်ရေး ကုမ္ပဏီများမှ ပေးသွင်းသည့် အချက်အလက်များသည် DOM သို့ပေးသွင်းဖော်ပြထားသဖြင့် မှားယွင်းနေသည်ဟု ထင်မြင်ကြောင်း၊ MOGE မှ DOM သို့ပေးထားသည်ဟု ပြထားသဖြင့် ကွဲလွဲနေသည်ဟု ထင်မြင်ကြောင်း၊ MGE မှ ရသည့်ဝင်ငွေအချက်အလက်များလည်း မှားယွင်းသည်ဟု ထင်မြင်ကြောင်း ထောက်ပြခဲ့သည်။

၁၆။ OA Transfer သည် ME1 တွင် မှားယွင်းနေသေးသည်ဟု ရှင်းပြထားကြောင်း၊ သို့သော် OA သည် ၇၂% ဖြစ်နေသဖြင့် ယခင်နှစ်တွင် ၆၈% ဖြစ်နေကြောင်း၊ ယခင်နှစ်ကများခဲ့ပါက ယခုနှစ်တွင် နည်းပါးသွားရ မည်ဟုထင်မြင်ကြောင်း၊ အဆိုပါအချက်အလက်အတွက် ME1 မှ ရှင်းလင်းစေ ချင်ကြောင်း အရပ်ဘက် ကိုယ်စားလှယ်တစ်ဦးက ထောက်ပြခဲ့သည်။

၁၇။ Contextual အပိုင်းတွင် ပြီးခဲ့သည့်အစီရင်ခံစာများနှင့်နှိုင်းယှဉ်ပါက အချက်အလက်များ ထပ်ထည့်ရန် လိုနေသေးသည်ဟု ထင်မြင်ကြောင်း၊ သတ္တုကဏ္ဍတွင် Upstream ၊ Downstream သာခွဲထားသဖြင့် လုပ်ငန်းသဘောသာဆန်နေသေးကြောင်း၊ ကဏ္ဍအလိုက် Overall ကဏ္ဍတစ်ခုလုံးအား ခြုံငုံမိသည့် သဘောအား မတွေ့ရသေးကြောင်း၊ ယေဘုယျသိသင့် သည့်အကြောင်းအရာများ၊ အဓိကကျသည့် လုပ်ကွက်များကို မတွေ့ရသေးကြောင်း၊ Legal Framework တွင် တစ်ချို့သော အချက်အလက်များ ဖြစ်သည့် ဥပမာ သတ္တုကဏ္ဍတွင် နည်းဥပဒေ (၉) ခုခန့်ရှိကြောင်း၊ အစိုးရဌာနများနှင့် ပြန်လည်စိစစ်ရန် လိုနေသေးသည်ဟု ထင်မြင်ကြောင်း သုံးသပ်ခဲ့သည်။

၁၈။ ဒေတာများသည် အချုပ်ဖြင့်သာဖော်ပြထားကြောင်း၊ အသေးစိတ်အချက်အလက်များအား Excel များ ဖြင့်ရှိကြောင်း၊ အစီရင်ခံစာပို့သည့်အခါတွင် အဆိုပါဒေတာများပါဝင်မည်ဖြစ်ကြောင်း PwC မှ

ပြန်လည် ဖြေကြားခဲ့သည်။ ဒေတာများအပေါ်ခွဲခြမ်းစိတ်ဖြာမှုများ၊ ပြီးခဲ့သည့် အစီရင်ခံစာနှင့် ယှဉ်လိုက်ပါက သတင်းအချက် အလက်မပြည့်စုံသေးကြောင်းလည်း အရပ်ဘက် ကိုယ်စားလှယ်တစ်ဦးမှ ထောက်ပြခဲ့သည်။

၁၉။ ယခုအစီရင်ခံစာသည် Contextual အပိုင်းသာဖြစ်သေးသောကြောင့် ယနေ့အစည်းအဝေးပြီးမှသာ Data Analysis အပိုင်းများအား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အချို့အချက် အလက်များလည်း မရရှိ သေးသည့်အတွက် မစုစည်းနိုင်သေးကြောင်း ဖြေကြားခဲ့သည်။

၂၀။ အချို့သောအချက်အလက်များအား အသစ်ပါဝင်လာသည်ကို အစီရင်ခံစာတွင် တွေ့ရကြောင်း၊ မရသေးသည့်အချက်အလက်များ မည်သည်ကြောင့် မရရှိသည်ကိုလည်း တင်ပြစေချင်ကြောင်း အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းခဲ့သည်။ ရပြီးသားဒေတာများ အပေါ်သုံးသပ်ချက်များလည်း သုံးသပ်ဖော်ပြပေးစေချင်ကြောင်းလည်း မေးမြန်းခဲ့ သည်။

၂၁။ အချက်အလက်များနှင့်ပတ်သက်၍ (၃) ကြိမ်ခန့် သက်ဆိုင်ရာများနှင့်တွေ့ဆုံ၍ ဆွေးနွေးထားပြီးဖြစ်ကြောင်း၊ Data Reconciliation အပိုင်းတွင်လည်း အားလုံးတိုက်ဆိုင်ထားကြောင်း၊ Outstanding အပိုင်းများအား Data verification ပြုလုပ်ရန်ကျန်သေးကြောင်း၊ Analysis အပိုင်းတွင် အခုရက်ပိုင်း၌ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုတစ်ပတ်သောကြာနေ့ခန့်တွင် အစီရင်ခံစာတွင် အကုန်ဖော်ပြနိုင် မည်ဟု မျှော်လင့်ရကြောင်း ပြန်လည်ရှင်းလင်းခဲ့သည်။

၂၂။ အစီရင်ခံစာသည် Timeline ဖြင့်ဆောင်ရွက်ရသောကြောင့် မတ်လ (၁၅) ရက်နေ့တွင်လည်း အစီရင်ခံစာမူကြမ်းထွက်ရှိရမည်ဖြစ်သဖြင့် ယခုအတိုင်းဆိုပါက အချိန်မီပြီးစီးမည်ဟု မထင်မြင်ကြောင်း၊ ကဏ္ဍအလိုက်တာဝန်ခွဲ၍ အစီရင်ခံစာအား ရေးသားမှသာ အချိန်မီမည်ဟုယူဆကြောင်း အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးမှ ထောက်ပြဆွေးနွေးခဲ့သည်။ အစီရင်ခံစာ၏ အရည်အသွေးအစား အချိန်မီပြီးစီးရေးသာ အဓိကထားရမည်ဟုထင်မြင်ကြောင်းလည်း ထပ်မံဆွေးနွေးခဲ့သည်။

၂၃။ ထို့နောက် နိုင်ငံတကာ EITI ရုံးမှ အချိန်နှင့်တစ်ပြေးညီပြီးစီးရမည့်လုပ်ငန်းစဉ်များကိုလည်း မိမိတို့မရရှိသည့်အတွက် အဆိုပါအချက်များအား MSG သို့ဖြန့်ဝေပေးရန်လိုအပ်ကြောင်း၊ MSG နှင့် နိုင်ငံတကာ EITI ရုံးတို့အကြား ကွာဟနေသည့် သတင်းအချက်အလက်များရှိနေကြောင်း ကိုယ်စားလှယ်များက ထောက်ပြခဲ့သည်။ အစီရင်ခံစာ Timeline အရ မတ်လ (၁၄) ရက်နေ့တွင် မူကြမ်းပေးပို့ရမည်ဖြစ်ပြီး ၁၈-၂-၂၀၁၉ ရက်နေ့ နည်းပညာနှင့်အစီရင်ခံစာအစည်းအဝေးတွင်လည်း အဆိုပါ ရက်စွဲထက် ပိုမိုစောလွန်စွာ အစီရင်ခံစာ အား ပေးရန်ဆွေးနွေးခဲ့ကြကြောင်း စီမံကိန်းမန်နေဂျာမှ ပြန်လည်ဆွေးနွေးခဲ့သည်။

၂၄။ ပြီးခဲ့သည့်အစည်းအဝေးတွင် အစီရင်ခံစာအချက်အလက်များသည် ယခုထက်ပိုမို ကောင်းမွန်ရန် မဖြစ်နိုင်သောကြောင့် အကြံပြု အချက်အလက်များ နှင့် ပတ်သက်၍ ဌာနများ၏ သဘောထားမှတ်ချက်များကို အစီရင်ခံစာတွင် မဖော်ပြတော့ဘဲ ယခုရှိသည့်အချက် အလက်များအပေါ်တွင်သာ ပိုမိုကောင်းမွန်စေရန် ရည်ရွယ်ခဲ့ကြကြောင်း၊ ယခုအစီရင်ခံစာတွင် Export နှင့်ပတ်သက်သော အချက်အလက်များမပါဝင်သည့်အတွက် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်၊ အစီရင်ခံစာ၏ အရည်အသွေးမျှသာ ဖြစ်သည်ဟု အရပ် ဘက်ကိုယ်စားလှယ်တစ်ဦးက ထောက်ပြခဲ့သည်။

၂၅။ မိမိတို့အနေဖြင့် ယခုအခြေအနေအပေါ်စိတ်ပျက်မိကြောင်း၊ လိုချင်သည့်ဒေတာများ တောင်းခံမှုအား ရပ်လိုက်ပါဟု ပြောခြင်းကို အမှန်တကယ်မပြောဆိုချင်ကြောင်း၊ သို့သော် လက်ရှိအခြေအနေအရ Timeline အပေါ်တွင်မှီတည်နေသောကြောင့်သာပြောဆိုခြင်းဖြစ်ကြောင်း အရပ်ကိုယ်စားလှယ်မှ ပြောကြားခဲ့သည်။

၂၆။ ကနဦးအပြီးသတ်အစီရင်ခံစာ (Pre-final Report) အား မတ်လ (၇) ရက်နေ့တွင် ပေးရန် သဘောတူထားကြောင်း၊ အချိန်ယူဆွေးနွေးနိုင်ရန် ရည်ရွယ်ထားကြောင်း PwC မှ ပြန်လည်ဆွေးနွေးခဲ့သည်။ Reconciliation များသည် Excel Sheet ဖြင့်သာရှိသောကြောင့် ဖော်ပြလိုပါက ဖော်ပြနိုင်ကြောင်း၊ ယခုအစီရင်ခံစာသည် Summary သာအကုန်မပါဝင်ခြင်းဖြစ်ကြောင်း PwC က ထပ်မံတင်ပြခဲ့သည်။ အဆိုပါကိစ္စအားနားလည်ကြောင်း၊ Export and Production Data များသည် အစီရင်ခံစာတွင် ဖော်ပြထားမှသာ ကဏ္ဍအချင်းချင်း အပြန်အလှန် ဆွေးနွေးသုံးသပ်နိုင်မည်ဖြစ်ကြောင်း၊ ကုမ္ပဏီ၏ဒေတာ နှင့် အစိုးရ၏ဒေတာများမကွဲပြားကြောင်းလည်း အရပ်ဘက်ကိုယ်စားလှယ်က ထောက်ပြခဲ့သည်။

၂၇။ ထို့နောက် Offshore နှင့် Onshore တွင်ရှိသည့် Production volume များ၊ Gems and Jade Production volume များအား လုပ်ကွက်အလိုက်လည်းကောင်း၊ Mineral In-kind များ၊ Emporium sales များ၌ Local Sale နှင့် market sale များပါဝင်ကြောင်း၊ Jade In-Kind volume များ၊ Pearl Production value များ၊ MGE ၏ Share များအားလည်း အစီရင်ခံစာတွင်ဖော်ပြပါရှိကြောင်း PwC က တင်ပြခဲ့သည်။

၂၈။ Mineral In-kind နှင့်ပတ်သက်၍ Jade တစ်ခုတည်းကိုသာ ပြထားသည်ကိုတွေ့ရကြောင်း၊ Mining လုပ်ငန်းစဉ်အဆင့် (၄) ဆင့်သည် Procedure သာရေးထားသဖြင့် သေချာရေးသားစေချင်ကြောင်း၊ article 2.2 တွင် Beneficial Ownership နှင့်ပတ်သက်၍ MyCo System အားဖော်ပြထားသဖြင့် မိမိ တို့ လမ်းညွှန်နှင့်သက်ဆိုင်ခြင်း ရှိ၊ မရှိ ပြန်လည်သုံးသပ်စေချင်ကြောင်း၊ အမှန်တကယ်တွင် MyCo System သည် Beneficial Ownership (BO) နှင့်တိုက်ရိုက်မသက်ဆိုင်ကြောင်း၊ မှားယွင်းသည့် အစီရင်ခံစာ ဖြစ်မည်ကို ထောက်ပြအကြံပေးပါကြောင်း ပုဂ္ဂလိက ကိုယ်စားလှယ်တစ်ဦးက ပြောကြားခဲ့

သည်။ ထို့အပြင် MyCo System သည် Legal Ownership သာဖြစ်သည့်အတွက် BO နှင့်လုံးဝ မသက်ဆိုင်ပါကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

၂၉။ ထို့နောက် PwC မှ Reconciliation Results များအားလည်း ဆက်လက်ရှင်းလင်းတင်ပြခဲ့သည်။ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍအတွက် အစိုးရဘက်မှ Personal Income Tax (PIT) ၊ Withholding Tax (WT) နှင့် Non-Resident Foreigner အတွက် များအား Data Conventional Unit အတိုင်းမရရှိကြောင်း စသဖြင့် တင်ပြခဲ့သည်။

၃၀။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက ရှင်းလင်းတင်ပြပေးမှုအား ကျေးဇူးတင်ကြောင်း၊ သို့သော် နားမလည်ကြောင်း၊ မိမိတို့အနေဖြင့် ဝေဖန်ဖို့မမီကြောင်း၊ ကဏ္ဍအလိုက်လည်း မည်သူမျှဆွေးနွေးပေးနိုင်မည် မဟုတ်ကြောင်း ထောက်ပြခဲ့သည်။

၃၁။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍနှင့်ပတ်သက်၍ IA သည် မြန်မာ ဖြစ်သည့်အတွက် သုံးကြိမ်ခန့်ဆွေးနွေးတွေ့ဆုံခဲ့ကြကြောင်း၊ ကုမ္ပဏီ၊ အစိုးရနှင့် သက်ဆိုင်သူများလည်း ပါဝင်ခဲ့ကြကြောင်း၊ ယမန်နေ့ကအထိ ကွာခြားမှုများ ရှိသေးသည်ဟု သိရကြောင်း၊ Cut-Off များနှင့် ပတ်သက်၍ သတိပြုလိုသည်မှာ ကုမ္ပဏီများနှင့် အစိုးရဘဏ္ဍာရေးနှစ်သည် မတူညီကြောင်း၊ အမြဲတမ်း ကွာဟချက်ပေါ်နေမည်ဖြစ်ကြောင်း၊ သက်တမ်းကုန်ပြီး ပြန်သွားသည့်ကုမ္ပဏီများထံမှ အချက်အလက်မရခြင်းသည် ယမန်နှစ်ကလည်း ဖြစ်ခဲ့ပြီးဖြစ်ကြောင်း၊ သဘောတရားကွဲလွဲခြင်းကြောင့် သာဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

၃၂။ စာမျက်နှာ (၂၆) ရှိ PIT အကြောင်းအား နည်းလည်သလောက်ရှိပြီး Commercial Tax ၊ Capital Income Tax များအားလည်း ရှင်းလင်းထားသော်လည်း နောက်ဆုံးတွင် ထိုအချက်များအား မပေးရသေးကြောင်း ပြန်လည်ဖော်ပြထားသဖြင့် နားလည်မှုလွဲမှားစေကြောင်း၊ ၂၀၁၆-၁၇ တွင် CT ၊ CIT များအား အစိုးရဘက်က မပေးကြောင်းလည်း ပြထားကြောင်း၊ ကုမ္ပဏီနှင့်အစိုးရကြားကွဲလွဲမှုများကို မည်ကဲ့သို့ ကြည့်ရှု၍ နားလည်ရမည်ကို မသိရှိကြောင်း၊ နောက်ပိုင်းတွင် ဇယားများ၌လည်းမပါဝင်ကြောင်း၊ In-Kind တွင်လည်း Gold Petrol တစ်ခုသာ Royalty ပေးထားသည်ဟု ရှင်းလင်းထားကြောင်း၊ Beneficial Ownership အကြောင်းနှင့်ပတ်သက်၍ MEITI ၏ BO လုပ်ငန်းစဉ်သည်လည်း မပါဝင်ထားကြောင်းလည်း အရပ်ဘက် ကိုယ်စားလှယ်တစ်ဦးက ထောက်ပြခဲ့သည်။

၃၃။ BO လုပ်ငန်းစဉ်နှင့်ပတ်သက်၍ (၁၈) ကြိမ်မြောက်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ရုံးအမိန့်ကြော်ငြာစာ (Presidential Decree) အား အချိန်မီပြင်ဆင်မည်ဟု ဆွေးနွေးခဲ့ကြောင်း၊ ယခုအစည်းအဝေးတွင်လည်း အကြွေးကျန်နေသေးသည်ဟု ထင်မြင်ကြောင်းလည်း ပြောကြားခဲ့ သည်။

၃၄။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ပြီးခဲ့သည့်အစီရင်ခံစာများ၏ အကြံပြုတိုက်တွန်းချက်များအား ကဏ္ဍအလိုက် အကောင်အထည်ဖော်မှုအခြေအနေများကိုလည်း ဤအစီရင်ခံစာတွင် ပါဝင်မှု ရှိ၊ မရှိ နှင့် မည်သည့်အခြေအနေတွင် ရောက်ရှိနေသည်ကို သိရှိလိုကြောင်း မေးမြန်းရာတွင် ညှိနှိုင်းရေးမှူးမှ PwC သို့ ပေးမည်ဟု ပြောထားကြောင်း၊ ညှိနှိုင်းရေးမှူးရုံးမှ ရရှိပါက ထည့်သွင်းဖော်ပြ နိုင်ကြောင်း ဆွေးနွေးခဲ့သည်။

၃၅။ ရွှေနှင့်ပတ်သက်၍ In-Kind ကွာခြားရာတွင် ၂၀၁၄-၁၅ ၌ ToZ 1000 ခန့်ကွာဟကြောင်း၊ ၂၀၁၅-၁၆ တွင် ToZ 300 ကျော်ခန့်ကွာဟခဲ့ကြောင်း၊ ထိုအချိန်က ကုမ္ပဏီ (၈) ခုထိပါဝင်ခဲ့ကြောင်း၊ ယခုအစီရင်ခံစာတွင် ကုမ္ပဏီ (၂) ခုသာတွေ့ရကြောင်း၊ ကုမ္ပဏီများ မည်သည်ကြောင့်လျော့နည်းသွားသည်ကို ရှင်းလင်းချက် ပေးစေချင်ကြောင်း၊ MGE နှင့်ပတ်သက်၍လည်း ယခင်နှစ်များတွင် ကွာဟချက်ကြီးမားခဲ့ကြောင်း၊ ယခုနှစ်တွင် ကွာဟချက်လုံးဝမရှိသည်အထိတွေ့ရကြောင်း၊ မည်သည့်အတွက်ကြောင့် မကွာတော့သည်ကို ရှင်းလင်းစေချင်ကြောင်း မေးမြန်းခဲ့သည်။

၃၆။ ယခုနှစ်တွင် MGE ၌ မကွာဟတော့သည်မှာ ကုမ္ပဏီများနှင့် MGE တို့တွေ့ဆုံ၍ ယခင်က In-Kind ပေးသွင်းသည့် ကုမ္ပဏီ (၃) ခုရှိခဲ့ရာမှ (၂) ခုသည် ၂၀၁၆-၁၇ ခုနှစ်နှင့် မသက်ဆိုင်၍ မပါရှိတော့ ကြောင်း ပြန်လည်ရှင်းလင်းခဲ့သည်။ ငွေရောင်ကမ္ဘာသည် ယခင်နှစ်များတွင် ကွာဟခဲ့ကြောင်း၊ ယခုနှစ် တွင်လည်း အစောပိုင်းက ကွာဟချက်တွေ့ရပြီး နောက်ပိုင်းတွင် မကွာဟတော့သည်ဟု ဖြစ်သွားကြောင်း၊ အဆိုပါကိစ္စအား ရှင်းလင်းရန် လိုအပ်ပြီး MGE မှလည်း ရှေ့နှစ်များနှင့်နှိုင်းယှဉ်၍ ပြန်လည် ရှင်းလင်းရန် လိုအပ်ကြောင်း အရပ်ဘက်ကိုယ်စားလှယ်က ပြန်လည်ဆွေးနွေးခဲ့သည်။

၃၇။ ပြီးခဲ့သည့်နှစ်တွင် ကုမ္ပဏီအမည်များလွဲမှားခဲ့ကြောင်း၊ ဘတ်ဂျက်နှစ်မတူညီသည့် ကွာဟခဲ့ကြောင်း၊ အစိုးရနှင့်ကုမ္ပဏီများ၏ ဘတ်ဂျက်နှစ်မတူညီခြင်းကြောင့်ဖြစ်ကြောင်း အစိုးရကိုယ်စားလှယ်က ဆွေးနွေးခဲ့သည်။ ယခင်နှစ်က MGE အနေဖြင့် တန် ၅ သိန်းခန့်ကွာခြားခဲ့ရာမှ ယခုနှစ်တွင် လုံးဝမကွာခြားတော့သည်မှာ ယုတ္တိမကျကြောင်း အရပ်ဘက်ကိုယ်စားလှယ်က ပြန်လည်မေးမြန်းခဲ့ သည်။

၃၈။ ကျောက်မီးသွေးသတ္တုတွင် Payment In-Kind နှင့်ပတ်သက်သောအချက်အလက်များအား ရှင်းလင်းချက်ထည့်ပေးရန်၊ အခြားသူများနားလည်စေရန် ရှင်းလင်းပေးစေချင်ကြောင်း၊ စာမျက်နှာ (၃၄) တွင် ဖော်ပြထားခြင်းဖြစ်ကြောင်း ထောက်ပြခဲ့သည်။

၃၉။ Dolomite ၊ Coal ၊ Limestone များအား In-Kind ဖြင့်ပြထားကြောင်း၊ အဆိုပါကိစ္စသည် မှားယွင်းသည်ဟု ထင်မြင်ကြောင်း၊ မိမိတို့တွင် အဆိုပါသတ္တုများသိုလှောင်ရန် သိုလှောင်ရုံများမရှိ တော့ပါကြောင်း၊ ပြန်လည်တွေ့ဆုံ၍ အတည်ပြုစေချင်ကြောင်း အစိုးရကိုယ်စားလှယ်မှလည်း ထောက်ပြဆွေးနွေးခဲ့သည်။ သဘောတရားအရ In-Kind မဟုတ်သောကြောင့် ကုမ္ပဏီများအား ပြန်လည်ခေါ်၍

ညှိနှိုင်းစရာမလိုကြောင်း၊ MSG ၏ ဆုံးဖြတ်ချက်ဖြင့် ဖြုတ်၍ရကြောင်း ကိုယ်စားလှယ်များက ဆွေးနွေးခဲ့သည်။

၄၀။ ထို့နောက်အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက အစီရင်ခံစာသည် အရည်အသွေး မကောင်းသည့်အပြင် ပုံစံမကျသောကြောင့် အစအဆုံး ကဏ္ဍအလိုက်ပြန်လည်တွေ့ဆုံ၍ ရေးသားကြရန် တိုက်တွန်းကြောင်း ဆွေးနွေးခဲ့သည်။ အခြားကဏ္ဍကိုယ်စားလှယ်များကလည်း ဝိုင်းဝန်း ထောက်ခံဆွေးနွေးခဲ့သည်။ In-Kind နှင့်ပတ်သက်၍ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍတွင် Gold Petrol ဥသာ ရှိကြောင်း အစိုးရကိုယ်စားလှယ်တစ်ဦးက တင်ပြခဲ့သည်။

၄၁။ အစီရင်ခံစာ ပြင်ဆင်မှုအတွက် မတ်လ (၈-၁၀) ရက်နေ့များ၌ NCS ရုံးတွင် PwC နှင့် MSG ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြပြီး ကျောက်မျက်နှင့် ကျောက်စိမ်း ကဏ္ဍအတွက် မတ်လ (၈) ရက်နေ့တွင်လည်းကောင်း၊ သတ္တုကဏ္ဍအတွက် မတ်လ (၉) ရက်နေ့တွင်လည်းကောင်း၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍ အတွက် မတ်လ (၁၀) ရက်နေ့တွင် လည်းကောင်း ဆွေးနွေးရန်နှင့်ကဏ္ဍအလိုက် ကိုယ်စားလှယ်များက အမည်စာရင်းများ ပေးသွင်းခဲ့သည်။

၄၂။ ထို့နောက် အစီရင်ခံစာအား အချိန်မီပြီးစီးရန်အတွက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ရှင်းလင်းတင်ပြခဲ့သည့် စတုတ္ထအကြိမ် MEITI အစီရင်ခံစာ (Contextual နှင့် Reconciliation Results) (မူကြမ်း) အား ဖေဖော်ဝါရီ (၂၂) ရက်နေ့ တွင် PwC က ပေးပို့ရန်၊ နိုင်ငံတကာအတွင်းရေးမှူးအဖွဲ့၊ MATA၊ NRGI နှင့်အခြားသောမိတ်ဖက်အဖွဲ့များ သဘောထားမှတ်ချက်များအပေါ်ကိုးကားပြင်ဆင်ထားသည့် စတုတ္ထအကြိမ် MEITI အစီရင်ခံစာ (Contextual နှင့် Reconciliation Results) (မူကြမ်း) အား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ (၂၆) ရက်နေ့တွင် PwC က ပေးပို့ရန်၊ စတုတ္ထအကြိမ် MEITI အစီရင်ခံစာ (Contextual နှင့် Reconciliation Results) (မူကြမ်း) ရရှိသည့်အခါ ယင်းအစီရင်ခံစာပါ အကြံပြုတိုက်တွန်းချက်များ (Recommendations) အား NCS မှ သက်ဆိုင်ရာဌာနများထံသို့ ဖြန့်ဝေပြီး ဌာနများမှ ပြန်လည်ပေးပို့ချက်များအား မတ်လ (၈) ရက်နေ့မတိုင်မီ စုစည်းထားရန် စသဖြင့် သဘောတူညီခဲ့ကြ သည်။

၄၃။ PwC အနေဖြင့် မည်သည့် Methodology ဖြင့် ဆောင်ရွက်၍ အစီရင်ခံစာရေးသားနေသည်ကို ရှင်းလင်းစွာချပြပေးစေချင်ကြောင်း၊ ယခုအခြေအနေတွင် PwC အနေဖြင့် အစီရင်ခံစာ နားလည်မှုလွဲမှားမှုများရှိနေသောကြောင့် ပြန်လည်သိရှိလိုကြောင်းလည်း ပုဂ္ဂလိကကိုယ်စားလှယ်က မေးခွန်းထုတ်ခဲ့သည်။ PwC မှလည်း Data gathering လုပ်ငန်းစဉ်များ၊ သင်တန်းကျင်းပမှုများ၊ Reconciliation လုပ်ငန်းစဉ်များ၊ ဒေတာတောင်းခံမှုများ၊ အထောက်အထားရယူမှုများ စသဖြင့် အခြေခံသဘောတရားများ အား ပြန်လည်ရှင်းလင်းခဲ့သည်။ ကိုယ်စားလှယ်များကလည်း Royalty ၊ In-Kind ၊ Tax and Fees သဘောတရားများအား နားလည်မှုလွဲမှားခြင်း၊ သဘောသဘာဝ မတူသည့် ရေနံနှင့်

သဘာဝဓါတ်ငွေ့ကဏ္ဍနှင့် သတ္တုကဏ္ဍများအား နားလည်စေရန် ပြန်လည်မေးခွန်း ထုတ်ရခြင်း ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းခဲ့သည်။

**ဆက်သွယ်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခြင်း**

၄၄။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း NCS ရုံးအနေဖြင့် နိုင်ငံတကာ EITI ရုံးနှင့်ဆက်သွယ်ထားမှုများအား MSG သို့မျှဝေမှုမရှိခြင်း၊ NRGI မှ အစီရင်ခံစာအပေါ် သဘောထားမှတ်ချက်ပေးထားမှုများအား MSG သို့မျှဝေမထားခြင်း၊ Timeline နှင့်အညီပြုလုပ်ရမည့် EITI လုပ်ငန်းစဉ်များအား မျှဝေမှုမရှိခြင်းနှင့် နိုင်ငံတကာ EITI မှ အစီရင်ခံစာ အပေါ်မှတ်ချက်ပြုမှုများကိုလည်း အချိန်နှင့်တစ်ပြေးညီမျှဝေမှုမရှိခြင်း၊ မည်သူကတာဝန်ယူ မည်ကိုလည်းသိရှိချင်ကြောင်း စသဖြင့် ထောက်ပြဝေဖန်ခဲ့သည်။

၄၅။ စီမံကိန်းမန်နေဂျာကလည်း နိုင်ငံတကာ EITI နှင့်ဆက်သွယ်သည့်စာများအား National Coordinator သို့ အမြဲတမ်းမိတ္တူပေးပါကြောင်း၊ Scoping Study အစီရင်ခံစာနှင့်ပတ်သက်၍ မှတ်ချက်များကို MSG သို့ မဖြန့်ဝေခဲ့သည့်အတွက် မိမိ၏အားနည်းချက်သာဖြစ်ကြောင်း၊ အခြားကိစ္စရပ်များအား နိုင်ငံတကာ EITI ရုံးနှင့်ဆက်သွယ်မှုမရှိခဲ့ကြောင်း၊ နောက်ပိုင်းတွင် အချိန်နှင့်တစ်ပြေးညီ အသိပေးသွားမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

၄၆။ အစည်းအဝေးကျင်းပသည့်အခါ Facilitation ပြုလုပ်မည့်သူမရှိသည်ကို တွေ့ရကြောင်း၊ ဥပမာ နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီတွင် ဦးဆောင်ဆွေးနွေးမည့်သူမရှိသည့်အတွက် အစည်းအဝေးအင်္ဂါရပ်နှင့် မညီကြောင်း၊ ညှိနှိုင်းရေးမှူးရုံးဝန်ထမ်းများ၏ ToRs များအား မိမိတို့အားပေးစေချင်ကြောင်း၊ သို့မှသာ မည်သူ့တွင်တာဝန်ရှိသူကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လုံးဝအဆင်မပြေကြောင်း ထောက်ပြဆွေးနွေးခဲ့သည်။

၄၇။ ညှိနှိုင်းရေးမှူးကလည်း မိမိတို့အနေဖြင့် Technical Coordinator အား ခန့်အပ်ရန်ခေါ်ထားသော်လည်း မသေချာမရေရာဘဲ အချိန်ကုန်ခဲ့ကြောင်း၊ နည်းပညာအကြံပေး ဒေါ်ဇင်မာမြိုင်နှင့် ဦးအောင်ခိုင်တို့သည်လည်း အဖွဲ့မှထွက်သွားသောကြောင့် အားနည်းခဲ့ရကြောင်း၊ ထို့နောက်ပိုင်း နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးနှင့် အချိတ်အဆက်များ ပြတ်တောက်ခဲ့ရကြောင်း၊ ထို့အတွက် ဆက်သွယ်ဆောင်ရွက်မှုများ ကောင်းလာစေရေးအတွက် ဦးအောင်ခိုင်အား အကြံပေးအနေဖြင့် ပြန်လည်ခန့်အပ်ရန်နှင့် အီးမေးလ်များ ပြန်လည်ဖွင့်ခွင့်ပေးရန် တောင်းဆို တင်ပြခဲ့သည်။

(၁၈) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေ

| စဉ် | ဆုံးဖြတ်ချက်များ | မှတ်ချက် |
|---|---|---|
| ၁ | နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးအဖွဲ့သို့ပြန်လည်ပေးပို့ရမည့် သဘောထား မှတ်ချက်များအား စုစည်းပြင်ဆင်ရန်အတွက် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ကိုယ်စား အောက်ပါကိုယ်စားလှယ်များက ပါဝင်ဆောင်ရွက်ရန်၊<br><br>အစိုးရကဏ္ဍ<br>၁။ ဦးသန်းဌေးအောင် (Focal)<br>၂။ ဦးကျော်ဇောထွန်း (ပံ့ပိုးကူညီသူ)<br><br>ပုဂ္ဂလိကကဏ္ဍ<br>၁။ ဦးဝင်းတင် (Focal)<br>၂။ ဦးမျိုးမင်း (ပံ့ပိုးကူညီသူ)<br><br>အရပ်ဘက်ကဏ္ဍ<br>၁။ ဒေါ်မိုးမိုးထွန်း (Focal)<br>၂။ ဦးရဲလင်းမြင့် (ပံ့ပိုးကူညီသူ) | ပြီးစီး |
| ၂ | နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးအဖွဲ့သို့ သဘောထားမှတ်ချက်များ ပြန်လည်ပေးပို့ရမည့်နောက်ဆုံးရက်အား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့အထိ သက်တမ်းတိုးမြှင့်နိုင်ရန်အတွက် ဆက်သွယ်ဆောင်ရွက်ရန်၊ | ပြီးစီး |
| ၃ | • သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏အကဲဖြတ်ဆန်းစစ်ခြင်းအပေါ်တွင် ပြန်လည်ပေးပို့ရမည့်သဘောထားမှတ်ချက်များအား ဘာသာပြန်ဆိုရန်အတွက် ဥပဒေပိုင်းနှင့် ဘာသာပြန်ကျွမ်းကျင်သူတစ်ဦးအား ငှားရမ်းဆောင်ရွက်ရန်၊<br>• ဆုံးဖြတ်ချက်အမှတ် (၁) ပါ ကိုယ်စားလှယ် (၆) ဦးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန်၊ | ပြီးစီး |

| | | |
|---|---|---|
| ၄ | • IA ဖြစ်သူ PwC ထံမှ အပြီးသတ်အစီရင်ခံစာမတိုင်မီ Contextual Information တောင်းခံရန်၊<br>• မြန်မာနိုင်ငံ EITI ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့်တတိယအကြိမ်ပါ မှတ်ချက်များအား ဆွေးနွေးနိုင်မည့် Consultation Recommendation Workshop အလုပ်ရုံဆွေးနွေးပွဲပုံစံ ရေးဆွဲရန်နှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရန်၊ | (က) ပြီးစီး<br>(ခ) မပြီးသေးပါ၊ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် ကျင်းပခဲ့သည့် လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီ အစည်းအဝေးတွင် ပြေလည်သို့ ရွှေ့ဆိုင်းထားခဲ့သည်။ |
| ၅ | မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အုပ်ချုပ်မှုပုံစံ (Governance) ပြင်ဆင်သုံးသပ်မှုအား ၂၀၁၉ ခုနှစ်၊ မတ်လတွင် ဆောင်ရွက်ရန်၊ | မပြီးသေး |
| ၆ | MEITI အကောင်အထည်ဖော်မှုဆိုင်ရာစုဖွဲ့မှုနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်မှု အား Extractive Hub နှင့်ပူးပေါင်း၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက် မှ မတ်လ (၈) ရက်ကြားတွင် ဆောင်ရွက်ရန်၊ | ဆောင်ရွက်ဆဲ |
| ၇ | • Mining Cadastre Phase II နှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ရန်အတွက် Evaluation Committee အား တာဝန်ပေးအပ်ရန်၊<br>• လုပ်ငန်းဆောင်ရွက်မှုအား သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ထံသို့ အချိန်နှင့် တစ်ပြေးညီအစီရင်ခံရန်၊<br>• Mining Cadastre Evaluation Committee တွင် ဦးဇော်ဘိုခန့်အား ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ဦးသက်ဝင်းထွန်းအား အရန်ကိုယ်စားလှယ်အဖြစ်လည်းကောင်း ဖြည့်စွက်ခန့်အပ်ရန်၊ | (က) ပြီးစီး<br>(ခ) ဆောင်ရွက်ဆဲ<br>(ဂ) ပြီးစီး |
| ၈ | EITI Board အဖွဲ့ဝင်အဖြစ် လက်ရှိတွင် အမည်စာရင်းတင်သွင်းခြင်း မပြုသေးရန်၊ | ပြီးစီး |
| ၉ | နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးအဖွဲ့သို့ ပေးပို့ရမည့် သဘောထားမှတ်ချက်များ အားသုံးသပ်ဆွေးနွေးရန်အစည်းအဝေးအား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက် နေ့၌ NCS ရုံးတွင် ကျင်းပရန်၊ | ပြီးစီး၊ ဖေဖော်ဝါရီလ (၃) ရက်၊ (၆-၇) နှင့် (၉) ရက်များတွင် ဆောင်ရွက်ခဲ့သည်။ |
| ၁၀ | PwC မှအဆိုပြုသည့် အစိုးရဌာနများနှင့် ကုမ္ပဏီများအကြား စာရင်းတိုက်ဆိုင် စစ်ဆေးရာတွင် ကွာဟချက်ပမာဏ ၅သန်းကျပ်အား ခွင့်ပြုရန်၊ | ပြီးစီး |

| | | |
|---|---|---|
| ၁၁ | သစ်တောအစီရင်ခံစာထုတ်ပြန်မှုတွင် Forest Trend ၏ ပူးပေါင်းပါဝင်ရန် ကမ်းလှမ်းမှုအား လက်ခံရန်၊ | လက်ခံသည့်အကြောင်းအား ဆက်သွယ်ဆောင်ရွက်ထားပါသည်။ အသေးစိတ်အချက်အလက်များအား ဆက်လက်ဆောင်ရွက်နေပါသည်။ |
| ၁၂ | လုပ်ငန်းလိုအပ်ချက်အရ အရေးပေါ်အစည်းအဝေး ကျင်းပရန် NCS ၏စီစဉ်မှုအား ခွင့်ပြုရန်၊ | |
| ၁၃ | ရေအားလျှပ်စစ်ကဏ္ဍနှင့်စပ်လျဉ်း၍<br>• ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ကိုယ်စား အောက်ပါပုဂ္ဂိုလ်များမှ သက်ဆိုင်ရာဌာနနှင့် သွားရောက်တွေ့ဆုံကာ အစီရင်ခံစာပြုစုမှုနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းတင်ပြရန် - အစိုးရကိုယ်စားလှယ် - ဦးကျော်သက်<br>• ပုဂ္ဂလိကကိုယ်စားလှယ် - ဒေါက်တာစိန်ဝင်း<br>• အရပ်ဘက်ကိုယ်စားလှယ် - ဦးရဲလင်းမြင့်<br>• NCS - ဦးထွန်းပေါ်ဦး<br>• (၁၉) ကြိမ်မြောက်သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်းအဝေးတွင် ရေအားလျှပ်စစ် ToR အားအတည်ပြုရန်၊ | သက်ဆိုင်ရာအစိုးရဌာနများနှင့် တွေ့ဆုံပြီးဖြစ်သည်။ |
| ၁၄ | အောက်ပါ ToR များအား (၁၉) ကြိမ်မြောက်သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့တွင် အပြီးသတ်အတည်ပြုရန် -<br>• ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာ<br>• ရေအားလျှပ်စစ်အစီရင်ခံစာ<br>• ဥပဒေဆိုင်ရာပြန်လည်သုံးသပ်မှု (Legal Review)<br>• ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု (Financial Management)<br>• အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု (Beneficial Ownership)<br>• ကျောက်မျက်မြေပုံ (Gemstone Mapping) | ယနေ့ဆွေးနွေးရန်ဖြစ်သည်။ ToR မူကြမ်းများအား ဖြန့်ဝေထားပြီးဖြစ်သည်။ |
| ၁၅ | အစည်းအဝေး ကျင်းပမည့်ရက်များသတ်မှတ်ခြင်း<br>• (၁၉) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစည်းအဝေးအား ဖေဖော်ဝါရီလ (၂၀) ရက်နေ့၌ နေပြည်တော်တွင် ကျင်းပရန်၊ | • လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှု လုပ်ငန်းခွဲကော်မတီအစည်းအဝေးအား ဖေဖော်ဝါရီ (၈-၉) ရက် |

| | | |
|---|---|---|
| | • နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေး အား ဖေဖော်ဝါရီလ (  ) ရက်နေ့တွင် ကျင်းပရန်၊<br>• လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီအစည်း အဝေးအား ဖေဖော်ဝါရီလ (  ) ရက်နေ့တွင် ကျင်းပရန်၊<br>• BO Task Force အစည်းအဝေးအား ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် ကျင်းပရန်၊<br>• SOE Workshop အား ဖေဖော်ဝါရီလ (၂၁-၂၂) ရက်များ၌ နေပြည်တော် တွင်ကျင်းပရန်။ | • နည်းပညာနှင့်အ စီရင်ခံစာအစည်းအဝေး အား ဖေဖော်ဝါရီ (၁၈ဂ ရက်<br>• BO Task Force အစည်းအဝေး ကျင်းပနိုင်ရန် ယနေ့အစည်း အဝေးတွင် ဆွေးနွေးရန် |

**လုပ်ငန်းလမ်းညွှန် ToRs များအား ဆွေးနွေးခြင်း**

၄၈။ ToRs များနှင့်ပတ်သက်၍ ပဉ္စမအကြိမ် အစီရင်ခံစာ IA ToR ၊ ရေအားလျှပ်စစ်အစီရင်ခံစာ၊ EITI Law ရေးဆွဲရေးအတွက် Legal Review Consultant ToR ၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု အကြံပေးငှားရမ်းရန်အတွက် Financial Management Consultant ToR ၊ Beneficial Ownership Presidential Decree ရေးဆွဲရန်အတွက် ToR ၊ Gemstone Mapping အကြံပေး၏ ToR စသည်တို့ပါဝင်ကြောင်း၊ Gemstone Mapping ToR အား လျာထားသော်လည်း အမှန်တကယ်တွင် Mr. Chorn Nak ၏ ဖေဖော်ဝါရီ (၂၂-၂၈) ရက် ခရီးစဉ်ပြီးမှသာ လုပ်ငန်းနယ်ပယ် သတ်မှတ်နိုင်မည်ဖြစ် ကြောင်း စီမံကိန်းမန်နေဂျာက ကနဦးတင်ပြခဲ့သည်။

၄၉။ ရေအားလျှပ်စစ်အစီရင်ခံစာ ToR အား အောက်တိုဘာလ (၃၁) ရက်နေ့တွင် MSG သို့ ဖြန့်ဝေပေးခဲ့ပြီး နည်းပညာကျွမ်းကျင်သူများကလည်း ဖြည့်စွက်ပေးခဲ့ကြောင်း၊ ထို့အတွက် ပြင်ဆင်စရာ မရှိဟုထင်မြင်ကြောင်း၊ သမ္မတရုံးအမိန့်ကြော်ငြာစာပြင်ဆင်နိုင်ရေးအတွက် အကြံပေး၏ ToR အား ယခင်အစည်း အဝေးဆုံးဖြတ်ချက်များအတိုင်းပြင်ဆင်ထားကြောင်း၊ Legal Review ပြုလုပ်ရန်နှင့် ပတ်သက်ပြီး Beneficial Ownership အား ပေါင်း၍ထည့်၊ မထည့်ဆိုသည်ကို ဆွေးနွေးပေးစေချင် ကြောင်း စသဖြင့် စီမံကိန်းမန်နေဂျာက တင်ပြခဲ့သည်။

၅၀။ ToR များအား အနည်းဆုံးနှစ်ပတ်ခန့်ကြိုဖြန့်ဝေပေးရမည်ဖြစ်ကြောင်း၊ မည်သည့်ရက်အား နောက်ဆုံးထား၍ မှတ်ချက်ပေးရမည်ကို သိရှိချင်ကြောင်း အရပ်ဘက်ကိုယ်စားလှယ်က ဆွေးနွေးခဲ့ သည်။ MSG ဒုတိယဥက္ကဋ္ဌကလည်း ToR များအား MSG တွင် မဆွေးနွေးသင့်ဘဲ လုပ်ငန်းခွဲ ကော်မတီတစ်ခုတွင်သာ ဆွေးနွေးသင့်ကြောင်း လမ်းညွှန်ခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦး ကလည်း BO အမိန့်ကြော်ငြာစာနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၈-၁၉ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ်အစည်းအဝေး၌ FIU ၊ ရှေ့နေချုပ်ရုံးက တာဝန်ရှိသူများ ပါဝင်၍ ဆွေးနွေးခဲ့

ကြကြောင်း၊ မူကြမ်းပြင်ဆင်ပြီး ရှိပြီးသားဥပဒေများနှင့်ချိန်ညှိ၍ ပြန်စစ်ရန် စသဖြင့် ဆွေးနွေးခဲ့ကြောင်း၊ ထို့နောက် Timeline နှင့်မီ၊ မမီ ကို စဉ်းစားပေးစေချင်ကြောင်း ထောက်ပြခဲ့သည်။

၅၁။ ထို့နောက် သမ္မတရုံးအမိန့်ကြော်ငြာစာပြုစုရန်အတွက် ပညာရှင် (Consultant) ငှားရမ်းခြင်း မပြုရန်၊ ဒုတိယအကြိမ် BO Task Force အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် Outline ပေါ်အခြေခံ၍ NCS ကမူကြမ်းရေးသားရန်နှင့် တတိယအကြိမ် BO Task Force အစည်းအဝေးတွင် တင်ပြရန်၊ BO Task Force အစည်းအဝေးတွင် အတည်ပြုချက်ရပြီးပါက ရှေ့နေချုပ်ရုံးနှင့် သမ္မတရုံးများသို့ ဆက်လက်တင်ပြရန် ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်ခဲ့သည်။

၅၂။ ယနေ့တင်ပြသည့် ToR များအား ဖေဖော်ဝါရီလအတွင်း အပြီးသတ်အတည်ပြုနိုင်မှသာ Grant Extension ကိစ္စရပ်များပြုလုပ်နိုင်မည်ဟု ကမ္ဘာ့ဘဏ်ထံမှ အကြောင်းပြန်ထားကြောင်း စီမံကိန်းမန်နေဂျာက တင်ပြခဲ့သည်။ ဆက်လက်၍ ToR များအား ဖေဖော်ဝါရီလအတွင်း အပြီးသတ် ဆုံးဖြတ်ရမည်ဖြစ်သဖြင့် ပဥ္စမအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာ၊ ဒုတိယအကြိမ်မြောက် သစ်တောအစီရင်ခံစာ၊ ရေအားလျှပ်စစ်အစီရင်ခံစာ၊ ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှု (Financial Management)၊ Web Portal အတွက် Data Analysis and Communication Consultant ToR များအား NCS က MSG သို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ဖြန့်ဝေပေးရန်နှင့် MSG ၏သဘောထားမှတ်ချက်များ အား ဖေဖော်ဝါရီ (၂၇) ရက်နေ့ ညနေ (၄) နာရီ နောက်ဆုံးထား၍ NCS ထံသို့ ပြန်လည်ပေးပို့ရန် သဘောတူညီခဲ့ကြသည်။

၅၃။ Legal Review ToR တစ်ခုအား ချန်လပ်၍ ကျန်သည့် ToR များအား အီးမေးလ်ဖြင့်ဖြန့်ဝေ၍ သဘောထားမှတ်ချက်ပေးကြရန် ဒုတိယဥက္ကဋ္ဌမှ အကြံပြုဆွေးနွေးခဲ့သည်။ ထို့နောက် Legal Review ToR နှင့် စပ်လျဉ်း၍ အချိန်ပေးပြီးဆောင်ရွက်ရမည်ဖြစ်သည့်အပြင် ဥပဒေပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ နှင့် ရှေ့နေချုပ်ရုံးထံသို့အကူအညီတောင်းရန်လိုအပ်ကြောင်း ကဏ္ဍစုံကိုယ်စားလှယ် များက ထောက်ပြ ဆွေးနွေးခဲ့ကြပြီး ဖေဖော်ဝါရီ (၂၁) ရက်နေ့တွင် NCS က ရှေ့နေချုပ်ရုံးသို့ စာရေးသား အကူအညီ တောင်းရန်၊ မတ်လ (၁၁) ရက်နေ့၌ နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီ အစည်းအဝေး တွင် ဆွေးနွေးရန်၊ မတ်လ (၁၅) ရက်နေ့နောက်ဆုံးထား၍ အတည်ပြုကြရန် ဆုံးဖြတ်ခဲ့ သည်။

၅၄။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း အဆိုပါ ToR များအား MSG အားလုံးထံသို့ စောစီးစွာဖြန့် ဝေထားပါက ဤသို့သော အလျင်စလိုဆောင်ရွက်ရသည့် ကိစ္စများဖြစ်လာမည်မဟုတ်ကြောင်း၊ နောက်ပိုင်းတွင် ပိုမိုအလေးထားသင့်ကြောင်းလည်း ဝေဖန်အကြံပြုခဲ့သည်။ ပြီးခဲ့သည့် (၆) လတာကတည်းက ပြင်ဆင်ထားခြင်းဖြစ်သဖြင့် အခုမှသာ အရေးတကြီးဆုံးဖြတ်ရမည့် အခြေအနေဖြစ်သဖြင့် ဦးစားပေးအဆင့်သတ်မှတ်ထားကြရန်နှင့် Oversight အခြေအနေများအား နည်းကြောင်း၊

NCS ၏ အားထုတ်မှုလည်း လိုအပ်သည်ဟုထင်မြင်ကြောင်း၊ နောက်ပိုင်းတွင် အားလုံးဝိုင်းဝန်း ဆင်ခြင်သင့် ကြောင်း အရပ်ဘက်ကိုယ်စားလှယ်က ထောက်ပြခဲ့သည်။

၅၅။ ကမ္ဘာ့ဘဏ်မှ အကြံပေးဖြစ်သူကလည်း ToR များဆုံးဖြတ်ရန်နောက်ဆုံးရက်စွဲပတ်သက်၍ မိမိ၏ ဆုံးဖြတ်ချက်မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် ပြီးခဲ့သည့် ဇန်နဝါရီလကတည်းက အကြောင်းကြား ထားပြီးဖြစ်ကြောင်း၊ မိမိအနေဖြင့် Team Leader နှင့်တိုင်ပင်၍ အနည်းဆုံးတစ်လခန့်အချိန်ထပ်တိုးရန် တောင်းဆိုမည်ဖြစ်ကြောင်း၊ World Bank Mission ခရီးစဉ်အစီရင်ခံစာတွင်လည်း ဖော်ပြထားသဖြင့် ကြိုတင်အကြောင်းကြားမှုပြုလုပ်ခဲ့မှုများ ပြုလုပ်ခဲ့ကြောင်း ဆွေးနွေးခဲ့သည်။

၅၆။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း MSG နှင့်ပတ်သက်၍ မိမိတို့အစိုးရပိုင်းအား အားနည်းသည်ဟု ဝေဖန်မှုကြုံတွေ့ခဲ့ရကြောင်း၊ မိမိအနေဖြင့်စိတ်မကောင်းဖြစ်ရပြီး အမှန်တကယ်တွင် အားထည့်ဆောင် ရွက်ခဲ့သည့် EITI အလုပ်တစ်ခုတည်းတွင်မကဘဲ ဌာန၏ ပင်မအလုပ်များလည်း ရှိကြောင်း၊ သို့သော် ယခုထက်ပိုမိုအားထည့်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းခွဲကော်မတီ အစည်းအဝေးများတွင် ဦးဆောင်ဆွေးနွေးမည့်သူ Moderator မရှိမှုကို လည်းတွေ့ရှိရကြောင်း၊ အစည်းအဝေးများအား အစီအစဉ်အတိုင်းဆောင်ရွက်နိုင်မှု မရှိသည်ကိုတွေ့ရကြောင်း၊ Agenda နှင့် Time Schedule များ ချိန်ညှိရန်လိုအပ်ကြောင်း၊ NCS အနေဖြင့် အဆိုပါအခန်းကဏ္ဍအား ယူထားသဖြင့် အလေးထားစေချင်ကြောင်း၊ ရက်ပြောင်းရက်လွဲကိစ္စများဖြစ်ပါကလည်း သေချာစနစ်ကျစွာ စီစဉ်သင့် ကြောင်း သတိပေး ပြောကြားခဲ့သည်။

**ဘတ်ဂျက်နှင့်ပတ်သက်၍ တင်ပြခြင်း**

၅၇။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်အဆိုပြုလွှာတင်ပြရမည်ဖြစ်ကြောင်း၊ ဘတ်ဂျက် နှစ် အရ ၂၀၁၈ နောက်ဆုံးသုံးလပတ်မှ ၂၀၁၉ ခုနှစ် တတိယသုံးလပတ်ကာလ အထိဖြစ်ကြောင်း၊ MEITI ဘတ်ဂျက်တွင် ပြက္ခဒိန်နှစ်အတိုင်းဖော်ပြထားကြောင်း၊ လုပ်ငန်း/စီ တွင် ဆွေးနွေးခဲ့သည့်အစီအစဉ် အရ ၂၀၁၈ နောက်ဆုံးသုံးလပတ်သည် အမှန်တကယ်သုံးစွဲမှု စာရင်းဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် ပထမ သုံးလပတ်ကာလတွင် ဇန်နဝါရီလသည် အမှန်တကယ်အသုံးစရိတ်ဖော်ထားပြီးဖြစ်ကြောင်း၊ ဘတ်ဂျက် လျာထားမှုအရ ဒေါ်လာ ၁၅၉၀,၀၀၀ နှင့် Work Plan အရ ၁,၇၁၇,၄၃၈ ရှိကြောင်း၊ ကွာဟ ချက်အနေဖြင့် ဒေါ်လာ ၁၂၇,၄၃၈ ရှိကြောင်း၊ အကယ်၍ Work Plan အတိုင်းသုံးစွဲနိုင်မည်ဆိုပါက ကွာဟချက် ပမာဏအတိုင်း ဖြည့်စွက်ခွင့်ပြုငွေ Supplementary Grant (SG) တောင်းရမည်ဖြစ် ကြောင်း၊ ထို့အတွက် လျော့နည်းသုံးစွဲငွေဖော်ပြပြီး ယနေ့နောက်ဆုံး SG တောင်းခံရမည်ဖြစ်ပြီး အကယ်၍ တောင်းခံသည့် SG အား မသုံးစွဲနိုင်ပါက ကြီးလေးသည့် ချွတ်ယွင်းချက်အနေဖြင့် မိမိတို့အား သတ်မှတ်ခံရမည်ဖြစ်ကြောင်း၊ လွှတ်တော်တွင် ရှင်းလင်းမှုပေးရမည်ဖြစ်ကြောင်း၊ မိမိအတွေ့ အကြုံအရ Work Plan ဘတ်ဂျက်သည် အစိုးရဘတ်ဂျတ်ထက် အမြဲတမ်းပိုများကြောင်း၊ အမြဲတမ်းလည်း အစိုးရဘတ်ဂျက်အတိုင်းအတာကိုမှု မသုံးစွဲနိုင်ခဲ့ကြောင်း၊ အဆိုပါကိစ္စအား MSG မှ ဆုံးဖြတ်ပေးစေ

လိုကြောင်း တင်ပြခဲ့သည်။ အကယ်၍ Work Plan အတိုင်းမဆောင်ရွက်နိုင်ပါက ကြီးလေးသည့် အပြစ်ဖြစ်ကြောင်း MOBD မှ ရှင်းလင်းခဲ့သည်။

၅၈။ စီမံကိန်းမန်နေဂျာက Work Plan တွင် ပဋ္ဌမအကြိမ်အစီရင်ခံစာနှင့် Mining Cadaster Phase II အကြံပေးငှားရမ်းခြင်းဆိုင်ရာဘတ်ဂျက်များလျာထားသဖြင့် ၂၀၁၉ တတိယသုံးလပတ်ကာလတွင် ၃.၅ သန်းသည် ကျန်ရှိတော့မည်မဟုတ်ကြောင်း ဆွေးနွေးခဲ့သည်။

**MOBD မှတင်ပြခဲ့သည့် ဘတ်ဂျက်တင်ပြမှုအား အောက်ပါအတိုင်းပူးတွဲဖော်ပြအပ်ပါသည် -**

| Calendar | Budget Estimated (2018-2019) | Work Plan (9-2-19) | Different | Remark |
|---|---|---|---|---|
| Q-4'18 | 680,066 | 160,919 | 519,147 | Including MOBD Operating Cost, NCS' Salary andOperating Cost until to end of June,2019 |
| Q-1'19 | 514,912 | 711,269 | - 196,357 | |
| Q-2'19 | 328,122 | 480,250 | - 152,128 | Mineral & Gemstone Cadastre Phase 2 Consult, Forestry Reconciliation Report 2, Legal Review, 5th MEITI Reconciliation Report, Financial Mgt Consult, Hydropower Report, Beneficial Ownership, In Q-3 No Cost of NCS & MOBD |
| Q-3'19 | 66,900 | 365,000 | - 298,100 | |
| **Total** | **1,590,000** | **1,717,438** | **- 127,438** | Suplementry Grant |
| **Actual (up to Sept, 2018)** | 1,005,562 | 1,005,562 | - | |
| **Grant** | 3,500,000 | 3,500,000 | | |
| **Q-4'19** | 904,438.00 | 777,000 | | Budget Proposal For 2019-2020 FY |

| Category | Current Grant | Actual Expenditure | Work Plan | Total | Proposal Grant |
|---|---|---|---|---|---|
| 1-MEITI | 2,850,000 | 948,608 | 2,034,491 | 2,983,099 | 2,700,000 |
| 2-MOBD | 250,000 | 17,372 | 6,276 | 23,648 | 150,000 |
| 3-NCS | 400,000 | 350,750 | 142,503 | 493,253 | 650,000 |
| Total | 3,500,000 | 1,316,730 | 2,183,270 | 3,500,000 | 3,500,000 |

၅၉။ Grant Extension လုပ်ဖို့ရန်အတွက် ဘတ်ဂျက်အားလုံးအား ၂၀၁၉ ခုနှစ် နောက်ဆုံးသုံးလပတ်ကာလ အထိ အလုပ်များကို လျာထားခဲ့ပါကြောင်း၊ အဓိကအားဖြင့် Mining Cadaster Phase II နှင့် (၅) ကြိမ်မြောက် MEITI အစီရင်ခံစာများအတွက် ဘတ်ဂျက်လျာထားလိုက်ပါက ၂၀၁၉ ခုနှစ်၊ တတိယသုံးလပတ်ကာလ (Third Quarter) တွင် အစည်းအဝေးကျင်းပရန်နှင့် အခြားလုပ်ငန်းစဉ်များအတွက် ဘတ်ဂျက်ကျန်ရှိတော့မည်မဟုတ်ကြောင်း စီမံကိန်းမန်နေဂျာက တင်ပြခဲ့သည်။

၆၀။ စီမံကိန်းမန်နေဂျာတစ်ဦးအနေဖြင့် Fundraising နှင့်ပတ်သက်၍ ရွေးချယ်စရာ နည်းလမ်းများ၊ ဦးစားပေးလုပ်ငန်းသတ်မှတ်ရာတွင် သက်ရောက်နိုင်သည့်အလားအလာ များအား တင်ပြပေးစေချင်ကြောင်း အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက အကြံပြုခဲ့သည်။ Programming အပိုင်းအနေဖြင့်

ဘတ်ဂျက်ဌာနမှ တင်ပြသည့် ခွင့်ပြုငွေများကို အမှန်တကယ် အကောင်အထည်ဖော်နိုင်မှု အလားအလာ များကိုလည်း တင်ပြစေချင်ကြောင်းလည်း ဆွေးနွေးခဲ့သည်။

၆၁။ ရေအားလျှပ်စစ်အစီရင်ခံစာသည် အခုချိန်ထိ ပြုစုရန်မသေချာသောကြောင့် အဆိုပါ ကုန်ကျမည့် ငွေ ဒေါ်လာ ၁၆၀၀၀၀ အတွက် အခြားဘတ်ဂျက်များကို လျာထား၍ ရနိုင်ကြောင်း ကိုယ်စား လှယ်များက ထောက်ပြခဲ့သည်။ ထို့နောက် ကိုယ်စားလှယ်များအားလုံးက Supplementary Grant (၁၂၇,၄၃၈ ဒေါ်လာ) အား တောင်းခံခြင်းမပြုရန်၊ Unfunded Budget လျာထားမှုများအတွက် လိုအပ်သည့် Fund Raising အတွက် နည်းလမ်းများအား NCS မှ Proposal တင်ပြရန်၊ Fund Raising အတွက် လုပ်ငန်းအစီအစဉ်နှင့် စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီအား တာဝန်ပေးရန် စသဖြင့် ဆုံးဖြတ်ခဲ့ သည်။

## Validation နှင့်ပတ်သက်၍ တိုးတက်ဆောင်ရွက်မှုများအား တင်ပြခြင်း

၆၂။ ပြီးခဲ့တဲ့ ၁၂ ရက်နေ့တွင် Validation Report အပေါ် မှတ်ချက်များအား ပြန်လည်ပေးပို့နိုင်ခဲ့ကြောင်း၊ Deadline အား အနည်းငယ် နောက်ရွှေ့၍ ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း၊ MSG ကိုယ်စားပြုValidation team မှ ကိုယ်စားလှယ်များကိုလည်း အထူးကျေးဇူးတင်ပါကြောင်း၊ Validation အတွက် လိုအပ်သည့်စာရွက်စာတမ်းများကို International Secretariat သို့ ပေးပို့ထားပြီးဖြစ်ကြောင်း၊ ဖေဖော်ဝါရီ (၂၆-၂၇) တွင် ယူကရိန်းနိုင်ငံ၌ ပြုလုပ်မည့် ဘုတ်အဖွဲ့အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ validation အား ဆွေးနွေးမည်ဖြစ်ပြီး Meaningful Progress ၊ Satisfactory Progress သို့မဟုတ် Inadequate လားဆိုသည်ကို ရလဒ်တစ်ခုခု သိရှိရနိုင်ကြောင်း၊

၆၃။ မည်သည့်ရလဒ်ပင်ဖြစ်ဖြစ် corrective action အား ဆောင်ရွက်ရန် သတ်မှတ်ချက်များလည်း ရှိလာမည် ဖြစ်ကြောင်း၊ Meaningful Progress ဖြစ်နေသည့်အချက်များကို နောက်တစ်ကြိမ် validation တွင် Satisfactory Progress ရရှိရန်အတွက် အချိန်အတိုင်းအတာဖြင့် မှတ်ချက်များ ပြန်ရနိုင်ကြောင်း၊ Work Plan ကိုလည်း မိမိတို့၏ validation အစီရင်စာတွင် ထည့်သွင်းဖော်ပြထားကြောင်း၊ Work Plan ကို ပြန်လည်ပြင်ဆင်ရန်အတွက် အစီရင်ခံ စာတွင် မှတ်ချက်ပေးထားကြောင်း၊ living document ဖြစ်သည့်အတွက် ယခုထက်ပိုမိုကောင်းမွန်စေရန်နှင့် နိုင်ငံ တော်အဆင့် Policy နှင့်ချိတ်ဆက်ရန် မှတ်ချက်ပေးထားကြောင်း၊ Work Plan ၏ ရည်ရွယ်ချက်တွင် national policy ရှိ၊ မရှိ။ ချိတ်ဆက်ထားပါမှ action plan များသည်လည်း အဓိပ္ပါယ်ရှိရှိဖြင့် တွန်းအားဖြစ်လာမည်ဖြစ် ကြောင်း၊ MSG Governance အောက်တွင်လည်း Work Plan ရေးဆွဲရန်ပါဝင်ပြီး International Secretariat မှလည်း စာရေးသား၍ တိုက်တွန်းထားကြောင်း၊ BO လုပ်ငန်းစဉ်သည်လည်း ၂၀၂၀ ဇန်နဝါရီ (၁) ရက်နေ့တွင် ဖော်ထုတ်ရမည်ဖြစ်သဖြင့် အရေးကြီးကြောင်း၊ EITI အဖွဲ့ဝင်ဖြစ်ထားပြီးသည့် နိုင်ငံတိုင်း သည် အဆိုပါစံနှုန်းအား လိုက်နာရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါ Timeline အား

သတိထားဆွေးနွေးရမည်ဖြစ်ကြောင်း၊ project level reporting သည်လည်း ၂၀၂၀ တွင် အပြီးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

၆၄။ Systematic Disclosure နှင့်ပတ်သက်ပြီး ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလကတည်းက EITI အဖွဲ့ဝင်နိုင်ငံအားလုံး ကို တိုက်တွန်းထားပါကြောင်း၊ အဖွဲ့ဝင် (၅၁) နိုင်ငံတွင် နိုင်ငံ ၂၀ မှ တင်သွင်းပြီးဖြစ်ပြီး မိမိတို့နိုင်ငံမှ မတင်ရသေးကြောင်း၊ EITI တွင် ပုံမှန်အစီရင်ခံစာများရေးသား၍ တင်ပြခြင်း၊ ဒေတာများအား စုစည်းပြီး တိုက်ဆိုင်စစ်ဆေးခြင်း၊ ထို့နောက် Analyse ပြုလုပ်ကြောင်း၊ EITI သည် စံနှုန်းများအား အမြဲတမ်းမွမ်းမံ လေ့ရှိကြောင်း၊ Global Conference ပြီးပါက စံနှုန်းအသစ်ထွက်မည်ဖြစ်ကြောင်း၊ ထို့နောက် Mainstreaming အနေဖြင့် EITI Disclosure အားသာချက်၊ အားနည်းချက်များလည်း သိရှိထားရန်လိုအပ် ကြောင်း၊ ပုံမှန် Report မထုတ်ပါက Independent Administrator လည်း ငှားစရာမလိုအပ်တော့ဘဲ ကုန်ကျစရိတ်လည်း မရှိနိုင်တော့ကြောင်း၊ EITI နိုင်ငံတိုင်းတွင် Donor မရှိကြောင်း၊ မရှိသည့်အတွက် Consultant များလည်း ဈေးကြီးကြောင်း၊ အစီရင်ခံစာများအားတိုက်ဆိုင်စစ်ဆေးရသည်မှာ လွန်ခဲ့သည့် နှစ်နှစ်က ဒေတာများ ဖြစ်ကြောင်း၊ နောက်ကျနေသည့်အတွက် ထိုအရာကို ဆက်လက် အကောင်အထည်ဖော်ရန်သင့်၊ မသင့်စဉ်းစားကြကြောင်း၊ သက်ဆိုင်ရာ အစိုးရအေဂျင်စီများအနေဖြင့် ဒေတာများကို သက်ဆိုင်ရာ အင်တာနက်ဝက်ဆိုဒ်တွင် Disclose လုပ်ကြကြောင်း၊ အဆိုပါဒေတာများအား Analyse ပြုလုပ်ခြင်းနှင့် Interpret ပြုလုပ်ခြင်းများ ပြုလုပ်ပြီးပါက Contextual Information တွင် ပြုပြင်ပြောင်း လဲရန်မှတ်ချက်များကို အကောင်အထည်ဖော်ရန် ပိုမိုတွန်းအားပေး၍ရနိုင်ကြောင်း၊ ထို့ကြောင့် mainstreaming and Systematic Disclosure ဖြစ်ပေါ်လာကြောင်း၊

၆၅။ အဆိုပါလုပ်ငန်းစဉ်အတွက် Feasibility Study ဆောင်ရွက်ရမည်ဖြစ်ပြီး ၃-၅ နှစ်အတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံအပေါ် မူတည်ပြီး အကောင်အထည်ဖော်သည့် Timeline မတူညီနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံအလိုက် လုပ်ငန်းအစီအစဉ်ဆွဲ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ Oil and Gas ကဏ္ဍတွင် Contract Disclosure ပြုလုပ်သူရှိသကဲ့သို့ မဖော်ပြသည့်သူများလည်းရှိကြောင်း၊ ယခင် အနှစ် (၃၀-၄၀) က စာချုပ်များသည့် ယခင် PSC Contract များဖြင့်ချုပ်ဆိုရေးဆွဲထားခြင်းဖြစ်ပြီး Disclosure Agreement ၊ Non-disclosure Agreement များလည်းရှိကြောင်း၊ နောင်စာချုပ်များတွင် EITI နှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ EITI Board အဖွဲ့ကသတ်မှတ်လိုက်သဖြင့် နိုင်ငံ (၅၁) နိုင်ငံအနက်မှ နိုင်ငံ (၂၀) တွင် feasibility study ပြုလုပ်ထားကြောင်း၊ အဆိုပါနိုင်ငံများ၏ Timeline များကို အချိန်သတ်မှတ်ချက်များဖြင့် ဖော်ပြထားကြောင်း၊ အဆိုပါနိုင်ငံများတွင် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားလည်းပါဝင်ကြောင်း၊

၆၆။ မြန်မာနိုင်ငံသည်လည်း အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ Implementing Country ဖြစ်လျှင်ဆောင်ရွက်ရကြောင်း၊ လိုအပ်သည့် သတင်းအချက်အလက်များကို

အချိန်နဲ့တပြေးညီဖြန့်ပေးစေချင်ကြောင်း၊ Fund Raising လုပ်ရန်လည်း တိုက်တွန်းပါကြောင်း၊ Work Plan and Governance တွင်ဆွေးနွေးရန်လိုအပ်ပြီး Master Plan ရေးဆွဲ အကောင်အထည်ဖော်ရန်လည်း အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးမှ တိုက်တွန်းခဲ့သည်။

**Mining cadaster နောက်ဆုံးအခြေအနေအားတင်ပြခြင်း**

၆၇။ Mining cadaster နှင့်ပတ်သက်ပြီး Pre-cadaster အား စတင်အကောင်အထည်ဖော်နေကြောင်း၊ အချို့လုပ်ငန်းစဉ်များတွင် Transparency ရှိရန်လိုအပ်ပြီး မလိုအပ်ဘဲ ဝန်ထမ်းများအနေဖြင့် Anti-Corruption ရှိလာနိုင်ကြောင်း၊ ထို့အတွက် Mining Cadaster တည်ဆောက်နေစဉ်တွင် Online တွင်တင်ရန်အခက်အခဲရှိနေကြောင်း၊ Transparency ဖြစ်ရန်အတွက် ယခုလတ်တလောအသုံးပြုရန် format သတ်မှတ်ထားသင့်ကြောင်း စသဖြင့် လုပ်ငန်းရှင်ကိုယ်စားလှယ် တစ်ဦးမှတင်ပြခဲ့သည်။

၆၈။ ရေအားလျှပ်စစ်နှင့်ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတာဝန်ရှိသူများကို ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင် ညှိနှိုင်းရေးမှူးရုံး၊ MSG ကိုယ်စားလှယ်များလည်းပါဝင်၍ သွားရောက်တွေ့ဆုံခဲ့ကြောင်း၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူအကုန်တက်ရောက်ခဲ့ကြောင်း၊ မိမိတို့မှ လုပ်ငန်းစဉ်အကုန်ရှင်းပြခဲ့ကြောင်း၊ လျှပ်စစ်ဌာန အနေဖြင့် ယခုလက်ရှိတွင် အလုပ်များနေကြောင်း၊ စာရင်းစစ်အစီရင်ခံစာများ တောင်းလျှင်လည်းပေးနိုင်ကြောင်း၊ ယခုလောလောဆည်မပါဝင်သေးရန် တောင်းဆိုကြကြောင်း၊

၆၉။ သို့သော်လည်း နိုင်ငံတော်၏ Policy နှင့်သက်ဆိုင်နေပြီး အဓိက အထက်လူကြီးများက အဆိုပါ policy အား လုပ်ရမယ်ဆိုပါက လုပ်ကိုလုပ်ရမည်ဖြစ်ကြောင်း၊ နောက်ဆုံးအချုပ် ပြောချင်သည့် အဓိပ္ပာယ်သည် ဝန်ကြီးများအား ဆောင်ရွက်ပါဟု ညွှန်ကြားပါက မဖြစ်မနေ ဆောင်ရွက်မည်ဟု ဆိုလိုကြောင်း နည်းပညာကျွမ်းကျင်သူနှင့် အဆိုပါအစည်းအဝေး တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်များက ရှင်းပြခဲ့ သည်။

၇၀။ အရပ်ဘက်ကိုယ်စားလှယ်များကလည်း မိမိတို့အနေဖြင့် စာပေးပို့ထားကြောင်း၊ အဆိုပါကိစ္စအား ညှိနှိုင်းရေးမှူးမှ ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း၊ အဆိုပါအကြောင်းအရာများအား လုပ်ငန်းကော်မတီနှင့် ဦးဆောင်ကော်မတီသို့ ဆက်လက်တင်ပြမည်ဖြစ်ကြောင်း ညှိနှိုင်းရေးမှူးရုံးမှ တင်ပြခဲ့သည်။

# (၁၉) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်များ

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက် Horizon Lake View Hotel ၊ နေပြည်တော်

| စဉ် | ဆုံးဖြတ်ချက်များ | တာဝန်ရှိသူ | ဆောင်ရွက်မည့်အချိန် |
|---|---|---|---|
| ၁ | ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ရှင်းလင်းတင်ပြခဲ့သည့် စတုတ္ထအကြိမ် MEITI အစီရင်ခံစာ (Contextual နှင့် Reconciliation Results) (မူကြမ်း) အား ဖေဖော်ဝါရီ (၂၂) ရက်နေ့ တွင် PwC က ပေးပို့ရန်၊ | | |
| ၂ | နိုင်ငံတကာအတွင်းရေးမှူးအဖွဲ့၊ MATA၊ NRGI နှင့်အခြားသောမိတ်ဖက်အဖွဲ့များ သဘောထားမှတ်ချက်များအပေါ် ကိုးကားပြင်ဆင်ထားသည့် စတုတ္ထအကြိမ် MEITI အစီရင်ခံစာ (Contextual နှင့် Reconciliation Results) (မူကြမ်း) အား ၂၀၁၉ ခုနှစ်၊ ဖဖော်ဝါရီ (၂၆) ရက်နေ့တွင် PwC က ပေးပို့ရန်၊ | | |
| ၃ | စတုတ္ထအကြိမ် MEITI အစီရင်ခံစာ (Contextual နှင့် Reconciliation Results) (မူကြမ်း) ရရှိသည့်အခါ ယင်းအစီရင်ခံစာပါ အကြံပြုတိုက်တွန်းချက်များ (Recommendations) အား NCS မှ သက်ဆိုင်ရာဌာနများထံသို့ ဖြန့်ဝေပြီး ဌာနများမှ ပြန်လည်ပေးပို့ချက်များအား မတ်လ (၈) ရက်နေ့မတိုင်မီ စုစည်းထားရန်၊ | | |
| ၄ | စတုတ္ထအကြိမ် MEITI အစီရင်ခံစာ ပြင်ဆင်မှုအတွက် မတ်လ (၈-၁၀) ရက်နေ့ များ၌ NCS ရုံးတွင် PwC နှင့် အောက်ပါ MSG ကိုယ်စားလှယ်များ တွေ့ဆုံဆွေး နွေးရန် -<br><br>**ကျောက်မျက်နှင့်ကျောက်စိမ်းကဏ္ဍ (၈ ရက်နေ့)**<br>ဦးမင်းသူ နှင့် (၃) ဦး (Government)<br>ဦးဇော်ဘိုခန့်နှင့် တစ်ဦး (သို့) နှစ်ဦး (Private)<br>MATA မှ ပြန်လည်အကြောင်းကြားရန် (CSO)<br><br>**သတ္တုကဏ္ဍ (၉ ရက်နေ့)**<br>ဦးကျော်သက် (DoM) ၊ (Government)<br>ဦးကျော်ဇေယျာထွန်း (DoM) ၊ (Government)<br>ဦးရဲမျိုးမင်း (ME2) ၊ (Government)<br>ဒေါ်မိမိကျော့ (ME1) ၊ (Government)<br>ဦးခင်မောင်ဟန် (Private)<br>ဒေါက်တာသန္တာအောင် (Private)<br>ဒေါ်လွင်လွင်အောင် (Private) | | |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

| | | | |
|---|---|---|---|
| | ဦးကျော်လင်း (Private)<br>MATA မှ ပြန်လည်အကြောင်းကြားရန် (CSO)<br><br>**ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ (၁၀ ရက်နေ့)**<br>ဦးသန်းဌေးအောင် (Government)<br>ဒေါ်မြင့်မြင့်ခိုင်(Government)<br>ဦးဝင်းတင် (Private)<br>MATA မှ ပြန်လည်အကြောင်းကြားရန် (CSO)<br><br>IRD မှ ဦးကျော်သိန်းနှင့်တာဝန်ရှိသူများ၊ အကောက်ခွန်မှ တာဝန်ရှိသူများ အနေဖြင့် ဖေဖော်ဝါရီလ (၈) နေ့မှ (၁၀) ရက်နေ့အထိပါဝင်တက်ရောက် ရန်၊<br><br>PwC မှ ကဏ္ဍအလိုက်ဆွေးနွေးချက်များအားလုံး စုစည်းပြီး ပေးပို့မည့် အစီရင်ခံစာအား မတ်လ (၁၅) ရက်နေ့ နည်းပညာနှင့်အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီ အစည်းအဝေးတွင် ထပ်မံဆွေးနွေးရန်၊ | | |
| ၅ | Reconciliation Results-Minerals Sector FY2016-2017 Payment in Kind ဇယားတွင် Coal, Limestone, Dolomite သတ္တုများနှင့်ပတ်သက်၍ PwC နှင့် ပန်လည်ညှိနှိုင်းဆွေးနွေးရန်၊ | | |
| ၆ | စတုတ္ထအကြိမ်အစီရင်ခံစာတွင် BO နှင့်ပတ်သက်၍ MyCo System အစား MEITI BO လုပ်ငန်းစဉ်အား ထင်ဟပ်ဖော်ပြရန်၊ | | |
| ၇ | ယခင်အစီရင်ခံစာများပါ အကြံပြုတိုက်တွန်းချက်များ (Recommendations) အပေါ် သက်ဆိုင်ရာဌာနများမှ အကောင်အထည်ဖော်ဆောင်မှုအခြေအနေအား စုစည်းပြီး စတုတ္ထအကြိမ်အစီရင်ခံစာတွင် ထည့်သွင်းနိုင်ရန်အတွက် PwC ထံ ပြန်လည်မျှဝေရန်၊ | | |
| ၈ | အောက်ပါ ToR (၅) ခုအား NCS က MSG သို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ဖြန့်ဝေပေးရန်နှင့် MSG ၏သဘောထားမှတ်ချက်များအား ဖေဖော်ဝါရီ (၂၇) ရက်နေ့ ညနေ (၄) နာရီ နောက်ဆုံးထား၍ NCS ထံသို့ ပြန်လည်ပေးပို့ရန် -<br>• ပဥ္စမအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာ<br>• ဒုတိယအကြိမ်မြောက် သစ်တောအစီရင်ခံစာ<br>• ရေအားလျှပ်စစ်အစီရင်ခံစာ<br>• ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု (Financial Management)<br>• Web Portal အတွက် Data Analysis and Communication Consultant | | |

| | | | |
|---|---|---|---|
| ၉ | Legal Review ToR နှင့် စပ်လျဉ်း၍ -<br>• ဖေဖော်ဝါရီ (၂၁) ရက်နေ့တွင် NCS က ရှေ့နေချုပ်ရုံးသို့ စာရေးသား အကူအညီတောင်းရန်<br>• မတ်လ (၁၁) ရက်နေ့၌ နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီ အစည်းအဝေးတွင် ဆွေးနွေးရန်<br>• မတ်လ (၁၅) ရက်နေ့နောက်ဆုံးထား၍ အတည်ပြုရန် | | |
| ၁၀ | ဦးအောင်ခိုင်အား မူဝါဒတိုးတက်ရေးဆိုင်ရာနှင့် နည်းပညာအကြံပေး (Policy Development and Technical Advisor) တာဝန်ဖြင့် NCS ရုံးတွင် ခန့်အပ်ရန်၊ | | |
| ၁၁ | Supplementary Grant (၁၂၇,၄၃၈ ဒေါ်လာ ) အား တောင်းခံခြင်းမပြုရန်၊ | | |
| ၁၂ | • Presidential Decree ပြုစုရန်အတွက် ပညာရှင် (Consultant) ငှားရမ်းခြင်း မပြုရန်၊<br>• ဒုတိယအကြိမ် BO Task Force အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် Outline ပေါ်အခြေခံ၍ NCS က မူကြမ်းရေးသားရန်နှင့် တတိယအကြိမ် BO Task Force အစည်းအဝေးတွင် တင်ပြရန်၊<br>• BO Task Force အစည်းအဝေးတွင် အတည်ပြုချက်ရပြီးပါက ရှေ့နေချုပ်ရုံးနှင့် သမ္မတရုံးများသို့ ဆက်လက်တင်ပြရန်၊ | | |
| ၁၃ | • Fund Raising အတွက် နည်းလမ်းများအား NCS မှ Proposal တင်ပြရန်၊<br>• Fund Raising အတွက် လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲ ကော်မတီ အား တာဝန်ပေးရန်၊ | | |
| ၁၄ | International EITI Secretariat မှ APR၊ Work Plan ၊ Systematic Disclosure၊ Project Level Reporting၊ Beneficial Ownership Road Map များနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များအား တောင်းခံ၍ ဖြန့်ဝေရန်၊<br>• ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည့် ၃၉ ကြိမ်မြောက် EITI Board Meeting တွင် ဆုံးဖြတ်ခဲ့သည့် Annual Progress Report ၊ Systematic Disclosure၊ Beneficial Ownership Road Map တို့အား အကောင်အထည်ဖော်ဆောင်မှုနှင့်စပ်လျဉ်း၍ လုပ်ငန်းအစီအစဉ် နှင့်စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီတွင် ဆက်လက်ဆွေးနွေးရန်၊<br>• Project Level Reporting အကောင်အထည်ဖော်ဆောင်မှုနှင့်စပ်လျဉ်း၍ နည်းပညာနှင့်အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီတွင် ဆက်လက်ဆွေး နွေးရန်၊ | | |
| ၁၅ | အစည်းအဝေး ကျင်းပမည့်ရက်များ သတ်မှတ်ခြင်း -<br><br>- (၂၀) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးအား | | |

| | | | |
|---|---|---|---|
| | မတ်လ (၂၅) ရက်နေ့၌ ရန်ကုန်တွင် ကျင်းပရန်၊<br><br>- နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးအား Legal Review ToR အတွက် မတ်လ (၁၁) ရက်နေ့တွင် ကျင်းပရန်၊<br><br>- BO Task Force အစည်းအဝေးအား မတ်လ (၂၅) ရက်နေ့၌ နေပြည်တော်တွင် ကျင်းပရန်၊ | | |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

အစည်းအဝေးတက်ရောက်သူများစာရင်း (၂၀-၂-၂၀၁၉)

| စဉ် | အမည် | အဖွဲ့အစည်း | တာဝန် |
|---|---|---|---|
| MSG (Government Members) | | | |
| 1 | ဦးမောင်မောင်ဝင်း | MOPF | Deputy Minister, MSG Chairman |
| 2 | ဦးခင်လတ်ကြီး | DOM | DG, MSG Deputy Chairman |
| 3 | ဦးကျော်သက် | DOM | DDG |
| 4 | ဦးအေးနိုင် | GAD | DD |
| 5 | ဦးသန်းဌေးအောင်<br>U Than Htay Aung | MOGE | Advisor |
| 6 | ဒေါ်ထားရီ | OAG | Director |
| 7 | ဦးမင်းသူ | MGE | GM |
| 8 | ဦးကျော်သိန်း | IRD | Director |
| 9 | ဦးစိုးရီ | MTE | AGM |
| MSG (Private Members) | | | |
| 10 | ဦးခင်မောင်ဟန် | MFMA | Chairman |
| 11 | ဒေါက်တာစိန်ဝင်း | MFPTMA | Chairman |
| 12 | ဦးဇော်ဘိုခန့် | MGJEA | Chairman |
| 13 | ဦးခင်မောင်ဆွေ | Myanmar Yangtse Copper | HoD, AHSE |
| 14 | ဦးဝင်းတင် | Total | Head of PSC & Partners Reporting |
| 15 | ဦးမျိုးဇော်မျိုးဦး | MPRL Exp | Director for Government & Public Affairs |
| MSG (CSO Members) | | | |
| 16 | ဒေါ်မိုမိုးထွန်း | MATA | MSG member |
| 17 | ဦးရဲလင်းမြင့် | MATA (Alternate) | NC, MSG Alternate |
| 18 | ဦးနိုင်လင်းထွဋ် | MATA | MSG member |
| 19 | ဦးထူးအောင် | MATA (Alternate) | PC, MSG Alternate |
| 20 | ဒေါ်မီမီသိန်း | MATA (Alternate) | MSG Alternate |
| 21 | ဒေါ်ဆုသန္တာဝင့် | MATA (Alternate) | MSG Alternate |
| SNU Members | | | |

| | | | |
|---|---|---|---|
| 22 | ဦးသန့်ဇင်ဦး | Member | Sagaing SNU |
| 23 | ဦးရဲအောင် | Steering Committee | Mandalay SNU |
| 24 | ဒေါ်လွင်လွင်အောင် | Member | Magwe SNU |
| 25 | ဦးစိုင်းသန်းဝင်း | Member | |
| | အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ | | |
| 26 | ဦးကျော်ဇော်ထွန်း | DOM | AGO |
| 27 | ဒေါ်မင်းမင်းခိုင် | IRD | AD |
| 28 | ဒေါ်မြတ်သီရိ | IRD | SO |
| 29 | ဦးတင်ဝင်းကို | MPE | AGM |
| 30 | ဒေါ်ပန်းပပလင်း | MPE | AM |
| 31 | ဒေါ်ထက်ထက်အောင် | MPE | Pearl Culturing Technician |
| 32 | ဦးမြင့်သိန်းခိုင် | FD | Director |
| 33 | ဒေါ်ကျော့စုသိန်း | MGE | Staff |
| 34 | ဒေါ်တင်တင်စိုး | MGE | AM |
| 35 | ဦးထွန်းထွန်းဇော် | MGE | Manager |
| 36 | ဒေါ်ဖြူဖြူဝင်း | MGE | Staff |
| 37 | ဒေါ်ကြူကြူဝင်း | MGE | Manager |
| 38 | ဒေါ်နန်းထားထားဦး | ME1 | Manager |
| 39 | ဒေါ်သီရိ | ME1 | AM |
| 40 | ဦးလင်းလင်းခွန်ကိုး | ME2 | AM |
| 41 | ဒေါ်အိမွန်ချို | ME2 | Accountant 1 |
| 42 | ဒေါ်အေးမြဘို | ME2 | |
| | MOB | | |
| 43 | ဒေါ်ခင်ခင်လွင် | MOBD | Director |
| 44 | ဒေါ်နန်းလှလှမင်း | MOBD | DD |
| 45 | ဒေါ်ခင်ပပခိုင် | MOBD | AD |
| 46 | ဒေါ်ဖြူဖြူသန့် | MOBD | AD |
| 47 | ဒေါ်မိုင်ခင်နွေးရှိန် | MOBD | SO |
| | Observers | | |
| 48 | Tinzar Tun | WB | Consultant |
| 49 | Shona Skirkwood | WB | Consultant |
| 50 | ဒေါ်ယုယုနိုင် | DFID | Advisor |
| 51 | ဦးကျော်စိုးဝင်း | MYTCL | Consultant |

| | | | |
|---|---|---|---|
| | U Kyaw Soe Win | | |
| 52 | Mr. Hosana | NRGI | Associate |
| | PwC Team Member | | |
| 53 | Mr. Paul Cornelius | PwC | Partner |
| 54 | Ms. Belinda Neo | PwC | Managing Director |
| 55 | Ms. Khin Thit Yee | PwC | Associate Director |
| 56 | Ms. April Aye Thagyan | PwC | Manager |
| 57 | Ms. Su Myat | PwC | Assistant Manager |
| | မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး (MEITI-NCS) | | |
| 58 | ဦးစိုးဝင်း | NCS | National Coordinator |
| 59 | ဦးအောင်ခိုင် | NCS | Policy Development and Technical Advisor |
| 60 | ဦးကျော်သူရ | NCS | Program Manager |
| 61 | ဒေါ်ဇင်မာမြိုင် | NCS | Technical Advisor |
| 62 | ဦးထွန်းပေါ်ဦး | NCS | Technical Specialist |
| 63 | ဒေါ်စန္ဒာမြင့် | NCS | BO Coordinator |
| 64 | ဒေါ်အေးချမ်းဝေ | NCS | Technical Officer |
| 65 | ဦးစိုးသီဟနိုင် | NCS | Admin Officer |
| 66 | ဒေါ်ထက်နန္ဒာအောင် | NCS | C&O Officer |
| 67 | ဦးကျော်သင်းမောင် | NCS | Program Assistant |
| 68 | ဦးတက်ထွန်းဆိုင် | NCS | Admin Assistant |
| 69 | ဦးဇင်ကိုကိုအောင် | NCS | C&O A |

# (၁၉) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေး
## အစည်းအဝေးအစီအစဉ် (မူကြမ်း)

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက် Horizon Lake View ဟိုတယ်၊ နေပြည်တော်

| အချိန် | အကြောင်းအရာ | လုပ်ပိုင်ခွင့်/ အဖွဲ့အစည်း |
|---|---|---|
| ၉း၀၀ - ၉း၁၀ | အဖွင့်အမှာစကားပြောကြားခြင်း | MSG-C |
| ၉း၁၀ - ၉း၂၀ | အမှာစကားပြောကြားခြင်း | MEITI-NC |
| ၉း၂၀ - ၁၀း၄၀ | စတုတ္ထအကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာ (မူကြမ်း) အား ရှင်းလင်းတင်ပြခြင်းနှင့် ပြန်လည်ဆွေးနွေးခြင်း | PwC၊ MSG |
| ၁၀း၄၀ - ၁၁း၀၀ | **အစည်းအဝေး ခေတ္တရပ်နားခြင်း** | |
| ၁၁း၀၀ - ၁၂း၃၀ | စတုတ္ထအကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာ (မူကြမ်း) အား ဆက်လက်ဆွေးနွေးခြင်း | PwC၊ MSG |
| ၁၂း၃၀ - ၁၃း၃၀ | **နေ့လည်စာ သုံးဆောင်ခြင်း** | |
| ၁၃း၃၀ - ၁၃း၄၅ | (၁၈) ကြိမ်မြောက် MSG အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုအား ရှင်းလင်းတင်ပြခြင်း | NCS |
| ၁၃း၄၅ - ၁၄း၁၀ | မြန်မာနိုင်ငံ EITI လုပ်ငန်းအစီအစဉ်နှင့် ဘတ်ဂျက်အား ရှင်းလင်း တင်ပြခြင်းနှင့် ဆွေးနွေးခြင်း | NCS |
| ၁၄း၁၀ - ၁၄း၃၀ | လုပ်ငန်းလမ်းညွှန် (ToR) များ တင်ပြအတည်ပြုချက် ရယူခြင်း | NCS |
| ၁၄း၃၀ - ၁၄း၄၅ | အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေး (Beneficial Ownership – BO) ဆိုင်ရာနောက်ဆုံးအခြေအနေများ | |
| ၁၄း၄၅ - ၁၄း၅၅ | Mining Cadastre Phase II ဆိုင်ရာ နောက်ဆုံးအခြေအနေများ ရှင်းလင်းတင်ပြခြင်း | NCS |
| ၁၄း၅၅ - ၁၅း၀၅ | Pre-Casdastre Working Group နှင့် ပတ်သက်၍ နောက်ဆုံး အခြေအနေများ ရှင်းလင်းတင်ပြခြင်း | NCS |
| ၁၅း၀၅ - ၁၅း၂၀ | **အစည်းအဝေး ခေတ္တရပ်နားခြင်း** | |
| ၁၅း၂၀ - ၁၅း၃၀ | အကဲဖြတ်လေ့လာဆန်းစစ်ခြင်း (Validation) ဆိုင်ရာ နောက်ဆုံး အခြေအနေများ ရှင်းလင်းတင်ပြခြင်း | NCS |
| ၁၅း၃၀ - ၁၅း၅၅ | ရေအားလျှပ်စစ်ကဏ္ဍအစီရင်ခံစာထုတ်ပြန်မှုနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများ ရှင်းလင်းတင်ပြခြင်း | MSG |
| ၁၅း၅၅ - ၁၆း၀၅ | သစ်တောကဏ္ဍအစီရင်ခံစာ နောက်ဆုံးအခြေအနေများ ရှင်းလင်းတင်ပြခြင်း | |
| ၁၆း၀၅ - ၁၆း၁၅ | SOE အလုပ်ရုံဆွေးနွေးပွဲ နောက်ဆုံးအခြေအနေများ ရှင်းလင်း တင်ပြခြင်း | NCS |
| ၁၆း၁၅ - ၁၆း၃၅ | အထွေထွေ<br>- NRGI အစီရင်ခံစာ<br>- အင်ဒိုနီးရှားခရီးစဉ် | |
| ၁၆း၃၅ - ၁၆း၅၅ | ဆုံးဖြတ်ချက်များစိစစ်ဆေးအတည်ပြုခြင်းနှင့် MSG နှင့် လုပ်ငန်းခွဲကော်မတီအစည်းအဝေးများ ရက်သတ်မှတ်ခြင်း | MSG<br>NCS |
| ၁၆း၅၅ - ၁၇း၀၀ | နိဂုံးချုပ်အမှာစကားပြောကြားခြင်း | MSG-C/ VC |